# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**



**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)



၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၃၂၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)တို့တွင် Mpox (မျောက်ကျောက်)ရောဂါကာကွယ်ရေး ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် (၂၀၂၂) ခုနှစ်၊ မေလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိကဒေသပြင်ပရှိ နိုင်ငံအချို့တွင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှု (Multi-country outbreak) ရှိနေကြောင်း ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် မျောက်ကျောက်ရောဂါဖြစ်ပွားမှု စောစီးစွာ သိရှိတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဖျားခြင်းနှင့်အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း (Fever with Vesicular Rash Surveillance) နှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) တွင် ဓာတ်ခွဲနမူနာများအား စစ်ဆေးခြင်းလုပ်ငန်းကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ပြည်သူ့ဆေးရုံများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Mpox (မျောက်ကျောက်)ရောဂါအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (PHEIC) အဖြစ် ဩဂုတ်၁၄ ရက်တွင် သတ်မှတ်ကြေညာခဲ့သည့်အတွက် ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် နီးနွယ်ဝန်ကြီးဌာနများနှင့်

*စာမျက်နှာ ၅ ကော်လံ ၅* ○



# ယခုဘဏ္ဍာနှစ် ပထမလေးလတာ၌ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှု ၁၆၀၀၀ ကျော်ရှိပြီး ငွေကျပ် သိန်း ၁၇၀ ကျော် ဝင်ငွေရရှိခဲ့

ရန်ကုန် ဩဂုတ် ၂၂

၂၀၂၄-၂၀၂၅ခုနှစ်၏ ပထမလေးလတာ ကာလဖြစ်သည့် ဧပြီလမှ ဇူလိုင်လအထိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်မှု ၁၆၀၀၀ ကျော်ရှိပြီး ငွေကျပ်သိန်း ၁၇၀ ကျော် ဝင်ငွေရရှိခဲ့ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်မှ ဒုတိယညွှန်ကြားရေးမှူး (ပြတိုက်) ဒေါ်ခက်ခက်လှက ပြောသည်။

ယခုဘဏ္ဍာနှစ်၏ ပထမ လေးလတာကာလဖြစ်သည့် ဧပြီလတွင် ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ ပြည်တွင်းခရီးသွား ၆၅၇၅ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၆၅၇၅၀၀၀ နှင့် ပြည်ပခရီးသွား ၁၂ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၁၂၀၀၀၀၊ မေလတွင်း ပြည်တွင်းခရီးသွား ၄၁၃၂ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၄၁၃၂၀၀၀ နှင့် ပြည်ပခရီးသွား ၃၅ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၃၅၀၀၀၀၊ ဇွန်လအတွင်း ပြည်တွင်းခရီးသွား ၃၂၈၈ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၃၂၈၈၀၀၀ နှင့် ပြည်ပခရီးသွား ၂၈ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၂၈၀၀၀၀ နှင့် ဇူလိုင်လအတွင်း ပြည်တွင်းခရီးသွား ၂၅၅၃ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၂၅၅၃၀၀၀ နှင့် ပြည်ပခရီးသွား ၃၁ ဦး ဝင်ရောက်မှုမှ ငွေကျပ် ၃၁၀၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ်ဘဏ္ဍာနှစ်ရဲ့ ဧပြီလကနေ ဇူလိုင်လအထိ ပြတိုက်ကို ခရီးသွားဝင်ရောက်မှုက ပွင့်လင်းရာသီမှာ ပိုများတာပေါ့။ *စာမျက်နှာ ၅ ကော်လံ ၁* ❖


**ယနေ့ ဖတ် စ ရာ**

ဂါဇာအပစ်ရပ်စဲရေးနှင့် ဓားစာခံများလွှတ်ပေးရေး အရေးတကြီး လုပ်ဆောင်သွားရန် အမေရိကန်သမ္မတက အစ္စရေးဝန်ကြီးချုပ်ကိုဖိအားပေး
နိုင်ငံတကာသတင်း စာ ၁၃

စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ဖန်ဖြစ်ပေါ်လာတဲ့ မျောက်ကျောက်ရောဂါ
နိုင်ငံတကာရေးရာ စာ ၁၄

ပြည်သူကျေးလက် ယူနီဆက်ဖ် ဝမ်းမြောက်ပျော်ရွှင် ဖားကူးတစ်ခွင်
ဆောင်းပါး စာ ၁၆

## ကူးစက်ရောဂါ ကာကွယ်ရေးဆိုင်ရာ နှိုးဆော်ချက်များကို အလေးထားလိုက်နာ

ယခုနှစ်အတွင်း အာဖရိကတိုက်ရှိ ကွန်ဂိုနိုင်ငံနှင့် အခြားအာဖရိက နိုင်ငံအချို့တွင် Mpox ခေါ် မျောက်ကျောက်ရောဂါ ကူးစက်မှု အရှိန်မြင့်လာခြင်းနှင့် ကွန်ဂိုအရှေ့ပိုင်းတွင် ရောဂါပိုးမျိုးကွဲ အသစ် လျင်မြန်စွာ ကူးစက်ပျံ့နှံ့လာသည့်အပြင် နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာကူးစက်ပျံ့နှံ့မှုများ ရှိလာခြင်းတို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြီးခဲ့သည့် ဩဂုတ်လ ၁၄ ရက်နေ့တွင် မျောက်ကျောက်ရောဂါကူးစက်မှုကို နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။

ယင်းသို့ ကြေညာခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်ခန့်တွင်ပင် မျောက်ကျောက်သည် မြန်မာ့အိမ်နီးချင်းနိုင်ငံသို့ စတင်ဝင်ရောက်ပြီဖြစ်ကြောင်း အတည်ပြုလိုက်သည့် သတင်းများ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ ထိုင်းတွင် အတည်ပြုလိုက်သည့် Mpox (မျောက်ကျောက်) သည် ရောဂါပိုးမျိုးကွဲအသစ် (Clade 1b) ဖြစ်ပြီး အာရှတွင် ပထမဆုံးတွေ့ရှိခြင်းဖြစ်သည်ဟုလည်း သတင်းတွင် တွေ့ရသည်။ ထိုင်းနိုင်ငံရောဂါထိန်းချုပ်ရေးဌာန၏ အဆိုအရ မျောက်ကျောက်ရောဂါ ကူးစက်ခံထားရသူမှာ ဩဂုတ် ၁၄ ရက်တွင် အမည်မသိ အာဖရိကနိုင်ငံတစ်နိုင်ငံမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိလာသည့် အသက် ၆၆ နှစ်အရွယ် ဥရောပသားတစ်ဦးဖြစ်သည်။ ထိုင်းသို့ရောက်ပြီး နောက်တစ်ရက်မှာပင် ရောဂါလက္ခဏာများ စတင်ပြသလာသဖြင့် ဆေးရုံသို့ အလျင်အမြန်တင်ခဲ့ရာမှ မျောက်ကျောက်ရောဂါပိုး မျိုးကွဲအသစ် Clade 1b ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိအတည်ပြုခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Mpox (မျောက်ကျောက်) ရောဂါကို နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ပထမအကြိမ် ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားမှု သိသိသာသာကျဆင်းလာခြင်းကြောင့် ၂၀၂၃ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြန်လည်ဖြေလျှော့ပေးခဲ့သည့်တိုင်အောင် မိမိတို့နိုင်ငံတွင် လက်ရှိအချိန်ထိ တန်းမဖြတ်ဘဲ ဆက်လက်စောင့်ကြပ်ကြည့်ရှုခဲ့ရာ မျောက်ကျောက်ရောဂါ ကူးစက်ခံရမှု မတွေ့ရသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောဂါဖြစ်ပွားနိုင်ခြေ သတ်မှတ်ချက်အရ Mpox (မျောက်ကျောက်) ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် Mpox (မျောက်ကျောက်)ရောဂါကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေး အတွက် သီးခြားလူနာဆောင်များ၊ လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိခြင်း၊ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးနည်းလမ်းများအား ကျန်းမာရေးအသိပညာ ပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည် ဟုလည်း သိရသည်။

မျောက်ကျောက်သည် စိုးရိမ်လွန်စရာမဟုတ်သော်လည်း ပေါ့ဆ၍မရသည့် ကူးစက်ရောဂါဖြစ်သည်။ အာဖရိကတိုက် ပြင်ပသို့ ထွက်လာပြီဖြစ်သည့် မျောက်ကျောက်ရောဂါသည် အာရှတွင် ပထမဆုံးဖြစ်သည့် ကူးစက်မှုအဖြစ် မြန်မာလူမျိုး သန်းနှင့်ချီ၍ ဝင်ထွက်သွားလာနေသည့် ထိုင်းနိုင်ငံသို့ စတင် ရောက်ရှိလာခြင်းဖြစ်ရာ လက်တစ်ကမ်းသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ မည်သည့်ကူးစက်ရောဂါမဆို ကျန်းမာရေးအသိသုတတို့ ရှိနေကြမည်ဆိုပါက သတိထား၍ ရှောင်ရှားနိုင်ကြမည် ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက မီဒီယာများမှတစ်ဆင့် ထုတ်ပြန်အသိပေးနှိုးဆော်လျက်ရှိသည့် Mpox (မျောက်ကျောက်) ရောဂါ ကာကွယ်ရေးဆိုင်ရာ ပညာပေးသတင်းအချက်အလက် များ၊ ရောဂါကာကွယ်ရေးနည်းလမ်းများကို အလေးထား မှတ်သားလေ့လာလိုက်နာဆောင်ရွက်ခြင်းအားဖြင့် ရောဂါကူးစက် မည့်အန္တရာယ်မှ ရှောင်ရှားနိုင်ကြပါမည့်အကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာ နှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင် များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတ ပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဩဂုတ်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်တွင် ဒေါက်တာခင်မောင်ညို၊ K.M.A ၊ မောင်ခင်ညို (မန်းတက္ကသိုလ်)တို့၏ "စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး" မျက်နှာဖုံးဆောင်းပါးများ၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ မြသိန်း၊ နေသူရိန်၊ ကိုကိုအောင်(အလုပ်သမား)၊ စန်းနီလာဝင်း၊ ဇလွန်ကျော်ဦးတို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါး၊ ထက်ဝေအောင် (စစ်ကိုင်း)၏ သိပ္ပံနှင့် နည်းပညာ ဆိုင်ရာဆောင်းပါး၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)၊ အန်ကယ်စိုးတို့၏ သဘာဝ ပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာ ကောင်းစံ ၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်းပါး၊ ကိုဇော်ဌေး (ယဉ်ကျေးမှု) ၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ မောင်မောင် မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ စောနိုင် (အသုံးချဘောဂဗေဒ) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာလွင်သန့်၊ ကြည်လွင် ဦး(ရေနံ)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း)၊ စိန်ဝင်းနွယ်၊ ဆောင်းဝင်းလတ်၊ နွေကံ့ကော်(မြို့လှ)၊ ဒေါက်တာစန်းဦး၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်စာအုပ်ဆိုင် ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်း ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ် အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင် ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃ -၈ -၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၇၅ | ၃၀၅၅ | ၃၀၃၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၇၀ | ၃၀၀၀ | ၃၀၃၅ | ၃၁၄၅ | ၃၁၉၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၉၅ | ၃၀၈၀ | ၃၀၉၅ | ၃၄၉၅ | ၅၀၀၀ |
| 95 Ron | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၅ | ၃၂၀၀ | ၃၂၁၀ | ၃၂၂၅ | ၃၁၇၅ | ၃၃၀၅ | ၃၃၃၅ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၅ | ၃၂၂၀ | ၃၂၃၅ | ၃၆၄၀ | ၆၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၂၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၀၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၅၀၀၀ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၀၀၀ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၀၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၀၉ |
| 95 Ron | ၂၉၅၅ | ၃၀၄၈ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၃၀၃၇ | ၃၁၂၈ |
| HSD (10 ppm) | ၃၀၃၇ | ၃၁၂၈ |

မှတ်ချက်။
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့ နံနက် ၈ နာရီ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာအုပ်စု) တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ ချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာ နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ နိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြု အပ်ပါသည်။

မိုး/ဇလ

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) ကျင်းပ




**နေပြည်တော် ဩဂုတ် ၂၂**

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကျန်အဖွဲ့ဝင်များက Online မှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၃ ခုနှစ် UNODC မှ ထုတ်ပြန်ခဲ့သည့် အရှေ့တောင်အာရှဒေသအတွင်း ကာစီနို၊ ဆိုက်ဘာလိမ်လည်မှုနှင့် အတင်းအကျပ်ရာဇဝတ်မှုကျူးလွန်စေရန် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ၌ အရှေ့တောင်အာရှဒေသများ ဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် မြန်မာနိုင်ငံ စသည့် နိုင်ငံများတွင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးလိမ်လည်မှုများကို အတင်းအကျပ် ကျူးလွန်စေသည့် လူကုန်ကူးမှုများသည် ပုံစံအသစ်ဖြင့် တိုးတက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှ ပုံစံသစ်ဖြင့် ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှုဟု အမည်တပ်လာကြကြောင်း။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားခဲ့ပြီးနောက် လူမှုစီးပွားဘဝ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေး လုပ်ဆောင်ကြရာတွင် အွန်လိုင်း ဆက်သွယ်ဆက်ဆံမှု လုပ်ငန်းများ၊ အွန်လိုင်းငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ငွေပေးချေမှုစနစ်များ တိုးတက်ပြောင်းလဲလာမှုအပေါ် အခြေခံပြီး အွန်လိုင်းလိမ်လည်မှု မှုခင်းများဖြစ်ပွားမှု ပိုမိုများပြားလာသည်ကို တွေ့ရှိနေရကြောင်း၊ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများဖွံ့ဖြိုးတိုးတက်လာခြင်းသည် အွန်လိုင်းလိမ်လည်မှုကုမ္ပဏီများ ပေါ်ပေါက်လာစေသည့် အခြေခံအကြောင်းရင်းများပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အစိုးရအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှု (Online Scam) လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ် ခိုင်းစေခံရသူများကို ကယ်တင်၍ ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည့် နိုင်ငံခြားသားများကို မြန်မာနိုင်ငံရှိသံရုံးများနှင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ ဆက်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့် ပတ်သက်ပြီး ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာမှ အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများနှင့် ချိတ်ဆက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း၍ မိမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဘင်္ဂလားပင်လယ်အော်စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဘင်းမ်စတက်) အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော် ဆောင်ရွက်မည့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း လုပ်ငန်းလမ်းညွှန်(TOR) နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ခဲ့ကြောင်း။

လူကုန်ကူးခံရသူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ် (၂၀၂၀)ကို ရေးဆွဲအတည်ပြုပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား အဆိုပါ စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်းသင်တန်းများကို ယခင်နှစ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပြီး စံလုပ်ငန်းအစီအစဉ်တွင် ပါရှိသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်ပါဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လူကုန်ကူးခံရသူများကို လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲ စောင့်ရှောက်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရ၍ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။ (ဝဲပုံ)

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များက လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို အကြံပြုဆွေးနွေးပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ပြောင်းလဲဖြစ်ပေါ်နေသော လူကုန်ကူးမှုပုံစံသစ်များကို တိုက်ဖျက်ရာတွင် ရေးဆွဲထားရှိသော မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ (၅) နှစ် စီမံကိန်း၏ လုပ်နည်းလုပ်ဟန်သစ်များနှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် စံနှုန်းများကို အသုံးပြုပြီး သက်ဆိုင်ရာအစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာ ဗဟုသုတများဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ကြမှသာ လူကုန်ကူးမှုများ လျော့နည်း ကျဆင်းအောင် ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို အကောင်းဆုံး ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းသစ်များကို ဖော်ထုတ်ပြီး အဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်း ကျင့်သုံးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဩဂုတ် ၂၂**

(ASEAN Economic Community–AEC) အေအီးစီ ၂၀၂၅ အတွက် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးကော်မတီမှ ဖွဲ့စည်းပေးထားသော "ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP) ဆိုင်ရာ လုပ်ငန်းကော်မတီ" ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံ ၂၀၂၅ တွင်ပါရှိသော လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ (၂၂) ရပ်ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖွဲ့စည်းထားရှိရာ "ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice – GRP) ဆိုင်ရာလုပ်ငန်းကော်မတီ" သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့်လည်း GRP ဆိုင်ရာလုပ်ငန်းစီမံချက်အရ GRP ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းစီမံချက်ပါ အဓိကလုပ်ငန်းကြီး (၄) ရပ်တွင် ပြဋ္ဌာန်းဖော်ပြထားသည့် ဦးစားပေးနယ်ပယ်များနှင့် မဟာဗျူဟာများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်အချိန်ကာလများအတိုင်း ဆောင်ရွက်သွားကြခြင်းဖြင့် နိုင်ငံအတွင်း Good Governance၊ e-Government၊ Stakeholders Engagement ကိစ္စရပ်များ တိုးတက်လာစေမည်ဖြစ်ပြီး GRP အလေ့အထများ တည်ထောင်ထားခြင်းဖြင့် လုပ်ထုံးလုပ်နည်းများကြောင့် ဖြစ်ပေါ်လာရသော အခက်အခဲများကို လျှော့ချပေးကာ ပိုမိုကောင်းမွန်ပြီး ထိရောက်မှုရှိသော စီမံမှုလုပ်ထုံးလုပ်နည်းများနှင့် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနများအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များ ပိုမိုတိုးတက် ကောင်းမွန်လာစေနိုင်သည့် အကျိုးရလဒ်ကောင်းများ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် GRP အလေ့အထများ ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဆွဲဆောင်လာနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှုများ ပိုမိုလွယ်ကူလျင်မြန်ချောမွေ့လာကာ ဒေသ၏ စီးပွားရေးတိုးတက်မှုကို များစွာ အထောက်အကူ ပြုလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်ဌာနများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ကော်မတီဝင်များ၏ အကြံပြု ဆွေးနွေးမှုများအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော်  ဩဂုတ်  ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီး ဌာန/ အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ် (၉) လောကနတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့်တာဝန်ရှိသူများက လာရောက်ဆွေးနွေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ကဏ္ဍအသီးသီးဖွံ့ဖြိုးမှုကိုအထောက်အကူပြု**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှုသည် နိုင်ငံတော်ပိုင် ငွေကြေးနှင့် ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို တိုက်ရိုက်နစ်နာမှုရှိစေသည့်အပြင် တိုင်းပြည်စီးပွားရေးနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း သွယ်ဝိုက်အဟန့်အတားဖြစ်စေကြောင်း၊ အဂတိကင်းရှင်းသည့် ပြည်သူ့ဝန်ဆောင်မှုများနှင့် အစိုးရအင်စတီကျူးရှင်းတို့ရှိပါမှ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည် သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ် ပေါ်ထွက်လာရေးအတွက်လည်း အဓိကအတားအဆီးတစ်ခုဖြစ်သောကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဥပဒေပြဋ္ဌာန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအစီအမံများအဖြစ် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို ဖွဲ့စည်းထားရှိကာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများအား အဆင့်ဆင့်ထိရောက်စွာ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ကောင်းမွန်သည့်အရွေ့တစ်ခုဖြစ်**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့်နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့်အရွေ့တစ်ခု ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုပုံစံအားလုံးသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဟောပြောပွဲမှ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိအမြင်၊ ဗဟုသုတများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်းနှင့် ထပ်ဆင့်မျှဝေပေးကြရန် တိုက်တွန်းပြောကြားသည်။

**သိရှိလိုသည်များကိုမေးမြန်းဆွေးနွေး**

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

**နေပြည်တော်  ဩဂုတ်  ၂၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂) နှင့် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၆)ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ၊ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်နှင့် ငွေကျပ်တစ်ရာတစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၂) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းနှစ်ဆယ်ကို လည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၆) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်ဆယ့်ရှစ်သိန်းကိုလည်းကောင်း၊ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းခြောက်ဆယ်ကိုလည်းကောင်း **(အောက်ပုံ)** ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ထိုသို့ပေးအပ်လှူဒါန်းရာတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းသုံးရာနှင့် ငွေကျပ် နှစ်ရာသုံးဆယ့်ခုနစ်သိန်းငါးသောင်းကိုးထောင်တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းသုံးထောင့်နှစ်ရာခြောက်ဆယ့်ကိုးသိန်း ကိုးသောင်းရှစ်ထောင်နှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၂**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟို ဌာန၌ ဆက်လက်ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်နှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆိုင်ရာ နှစ်ဖက်အဆိုပြုချက်များနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စများကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အထွေထွေဆွေးနွေးခြင်းတွင် လက်ရှိနိုင်ငံရေးအခြေအနေနှင့် လုံခြုံရေးဆိုင်ရာများအား ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များမှ ရရှိလာသည့် သဘောထားများအား စုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က ကျေးဇူးတင်စကားပြောကြားကာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ (ဓာတ်ပုံ)

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာများ၊ ဒေသတွင်း စားရေရိက္ခာဖူလုံပိုလျှံရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၁) ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး

**ပဲခူး ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် (၂၁)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက် ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် ကျန်းမာ ရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပဲခူးတိုင်းဒေသကြီးအတွင်း၌ စုစုပေါင်းအငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၉၃၀၀၀ ကျော်ရှိပြီး ပဲခူးမြို့နယ်အတွင်း၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၂၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

○ *ရှေ့ဖုံးမှ*

ပူးပေါင်း၍ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး) နှင့် ကရင်ပြည်နယ် မြဝတီမြို့နယ်စပ်ဝင်ထွက်ဂိတ်တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မွေတော်ကျွန်း လူဝင်/လူထွက် စစ်ဆေးရေးကင်းစခန်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ တံတားအမှတ်(၁) နယ်စပ်ဝင်ထွက်ဂိတ်တွင်လည်းကောင်း Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးကိုယ်အပူချိန်တိုင်းတာခြင်း (Mass Thermal Screening)၊ ပြည်ပဆိုက်ရောက်ခရီးသည်များ၏ ကျန်းမာရေးကြေညာချက် (Health Declaration Form) အား ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးခြင်း၊ ခရီးသည်များအား Mpox (မျောက်ကျောက်) ရောဂါနှင့် ပတ်သက်၍ နှိုးဆော်ထားရှိခြင်း အစရှိသော ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါဖြစ်ပွားနိုင်ခြေသတ်မှတ်ချက်အရ Mpox (မျောက်ကျောက်) ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ပြည်သူလူထုအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ကျန်းမာရေးအသိပညာပေးခြင်း၊ နိုင်ငံအတွင်းသို့ ရောဂါကူးစက်ဝင်ရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

အခုလက်ရှိကတော့ မိုးရာသီကာလလည်းဖြစ်၊ ကျောင်းဖွင့်ကာလလည်းဖြစ်နေတော့ ပြတိုက်ကိုလည်း ဝင်ရောက်မှုက နည်းသွားတယ်'' ဟု ဒေါ်ခက်ခက်လှက ဆိုသည်။

ဩဂုတ်လအတွင်း၌ ရှေးဟောင်းသုတေသနပြတိုက်သို့ ပုံမှန်လူဦးရေ ၂၀ မှ ၈၀ကြား ဝင်ရောက်မှုရှိပြီး စနေ၊ တနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက်များတွင် လူဦးရေ ၁၀၀ ကျော်အထိ ဝင်ရောက်မှုရှိကြောင်း သိရသည်။

''ဒီလ ဩဂုတ် ၁ ရက်က ၄၃ ဦးပဲဝင်တယ်၊ အဲဒီလိုမျိုးပဲ ၆၅၊ ၇၀၊ ၈၀၊ ၁၀၀ လောက်ပဲရှိတယ်။ ပိတ်ရက်ဖြစ်သွားတဲ့နေ့တွေဆိုရင် ၁၀၀ ကျော်လောက်ဝင်တယ်။ ပိတ်ရက်ခံသွားတဲ့နေ့တွေဆို ၁၀၀၊ ၁၀၀ကျော်လောက်ရှိတယ်။ ကျန်တဲ့ရက်တွေကတော့ ပုံမှန် ၅၀၊ ၆၀ပေါ့။ တချို့ရက်ဆို ၂၀ ကျော်လောက်ပဲရှိတယ်''ဟု ဒေါ်ခက်ခက်လှက ဆိုသည်။

ပုဂံရှေးဟောင်း သုတေသနပြတိုက်သည် တနင်္လာနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားပြီး ပြတိုက်ဝင်ကြေးအနေဖြင့် ပြည်တွင်းခရီးသွားတစ်ဦးလျှင် ၁၀၀၀ ကျပ်နှုန်း သတ်မှတ်ထားကာ ၁၂ နှစ်အောက် ကလေးငယ်များနှင့် ကျောင်းထောက်ခံစာပါရှိပြီး လာရောက်လေ့လာသူ ကျောင်းသား ကျောင်းသူများနှင့် ရဟန်း၊ သံဃာများကို ဝင်ကြေးကင်းလွတ်ခွင့်ပြုထားကြောင်းနှင့် နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေး ၁၀၀၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့်ယခုဘဏ္ဍာနှစ်အတွင်း ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု ၉၄၉၅၁ ဦးရှိခဲ့ပြီး ငွေကျပ် ၇၁၉ သိန်းကျော် ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ **MT**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၂** နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းနိုင်ရေး ဩဂုတ် ၂၀ ရက်တွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများပြင်ဆင် ထုပ်ပိုးနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဉွန်နွဲ့ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဌာနအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**



ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မျှင်ငါးပိထောင်းဘူး ၁၀၀၀၊ မုန့်ပါကင် ၆၀၀ ၊ အသားတု ပဲပုပ်ကြော်ဘူး ၅၀၀၊ ငါးခြောက်ထောင်းကျော်ဘူး ၅၀၀၊ ငါးသေတ္တာဘူး ၅၀၀၊ ငါးပိလက်ဖက်အတွဲ ၂၀၀၊ ဆိတ်သားနပ်၁၃၃ ဘူး၊ ကြက်သားဟင်း ၁၂၃ ဘူး၊ ပဲဟင်း ၁၂၈ ဘူး၊ ငါးမွှေချက် ၁၁၆ ဘူး၊ ငါးကြင်းပေါင်း ၁၁၂ ဘူး၊ ငါးဆုပ် ၁၁၂ ဘူး၊ ငါးပိထောင်းဘူး ၁၀၀၊ ဆန်ပြုတ်အထုပ် ၁၀၀၊ လက်ဖက်နှပ် အတွဲ ၅၀၊ ငါးနီတူချဉ်စပ်အတွဲ ၅၀၊ မာမား ကြက်ဆီချက် ဖာ ၄၀၊ မာမား ပုစွန်ချဉ်စပ်ဖာ ၄၀၊ ငါးပိထောင်း ၃၆ တွဲ၊ ငါးကြင်းပဲငါးပိ ၂၄ ဘူး၊ ကော်ဖီမစ် ပါကင် ၂၀၊ တီးမစ်ပါကင် ၂၀ ၊ ငါးကြင်းစတူး ၁၈ ဘူး ၊ တူနာငါး ၁၁ ဘူး၊ ကြာဆံ ၅ ဖာ စသည့်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၁၅ သိန်းနှင့် ငွေသား သိန်း ၁၅၀ ဖြင့် စုစုပေါင်း ၂၆၅ သိန်းကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည့်အပြင် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက တိုင်းပြည်အတွက် အမြဲတမ်းအဆင်သင့်ရှိပေးခဲ့တဲ့ တပ်မတော်သားများကို အမြဲဂုဏ်ယူလေးစားလျက်ပါ။ အားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ် ကင်းရှင်းပါစေ၊ တရားသောစစ်အောင်မြင်ပါစေ အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။



အဆိုပါစားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ရပ်ကွက် မိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၂** နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။



**ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်**

ထိုသို့နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်း ရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ယနေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူရှင်ရပ်ကွက်မိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် ဆင်ဖြူရှင်ရပ်ကွက်ရှိ ဓမ္မရက္ခိတဓမ္မာရုံ၌ စားသောက်ဖွယ်ရာများ စုပေါင်းချက်ပြုတ် ကြော်လှော်ကြပြီး ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြသည်။

**ငါးပိကြော်၊ ငါးခြောက်ကြော်နှင့် အသင့်စား ခေါက်ဆွဲခြောက်ထုပ်များ ပေးပို့လှူဒါန်းသွားမည်**

ဆင်ဖြူရှင်ရပ်ကွက် မိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးပိကြော်၊ ငါးခြောက်ကြော်၊ အသားတုကြော်၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များနှင့် ဆေးပေါ့လိပ်များကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

**ရှေ့တန်းရောက် တပ်မတော်သားများ လက်ဝယ် အရောက်ပို့ဆောင်ပေးမည်**

အဆိုပါ စားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ ပုသိမ်တက္ကသိုလ် စာကြည့်တိုက်ကို ကြည့်ရှုလေ့လာပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ပုသိမ် ဩဂုတ် ၂၂

**မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်တက္ကသိုလ် စာကြည့်တိုက်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ၏ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ငှားရမ်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။**

ရှေးဦးစွာ တက္ကသိုလ်စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ဖတ်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်း၌ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလိုသည့် စာအုပ်၊ စာစောင်များကို စာကြည့်တိုက်တွင် စီစဉ်ထားရှိပေးထားရန်လိုပါကြောင်း၊ ထိုသို့ စာအုပ်၊ စာစောင်များ ထားရှိပေးရာတွင် အသိပညာ ဗဟုသုတ တိုးပွားစေရန် သုတစာအုပ်များ ထားရှိပေးရန် လိုသကဲ့သို့ စိတ်နှလုံးနူးညံ့ပြီး ကိုယ်ချင်းစာနာစိတ်၊ လူအချင်းချင်း ချစ်ခင်ညှာတာစိတ် ဖြစ်ပေါ်စေရန် ရသစာအုပ်များကိုလည်း ထားရှိပေးစေလိုကြောင်း။

ယခုအခါ နိုင်ငံတော်အကြီးအကဲက လူထုသိပ္ပံကျမ်းများကို ပြန်လည်ပုံနှိပ် ထုတ်ဝေစေရုံသာမက စာကြည့်တိုက်များအတွက် လှူဒါန်းပေးလျက်ရှိပါကြောင်း၊ လူငယ်များ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနိုင်ရန် မိမိတို့နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပုသိမ်တက္ကသိုလ် စာကြည့်တိုက်တွင် ကျောင်းသားကျောင်းသူများ စာပေလေ့လာဖတ်ရှုနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က လူထုသိပ္ပံကျမ်းများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**





ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထဝီဝင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာဘာသာရပ် မိသားစုများ၏ အာစရိယပူဇော်ပွဲ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ နှုတ်ဆက်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းသားကျောင်းသူများအား နှုတ်ဆက်စကားပြောကြားကာ **(အပေါ်ပုံ)** တက္ကသိုလ်အတွက် DTH စလောင်း နှစ်စုံနှင့် DVB-T2 Set Top Box ၁၅ စုံကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထဝီဝင်ဌာနအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပုသိမ်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာသန်းထွန်းက ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့အား တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး သတ္တဗေဒဌာနမှ ဒေါက်တာ နီလာသန်းက စပါးခင်းများတွင် ကျရောက်သောပိုးများကို လေ့လာခြင်းနှင့် ဖျက်ပိုးများကို ပိုးအချင်းချင်း ထိန်းချုပ်သောနည်းလမ်းအသုံးပြု၍ နှိမ်နင်းခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဓာတုဗေဒဌာနမှ ဒေါက်တာ အိအိခိုင်က အုန်းဆံအခွံမှ စက္ကူပြုလုပ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထဝီဝင်ဌာနမှ ဒေါက်တာ ဇင်မေဦးက ပုသိမ်မြို့နယ်၏ စပါးကုန်သွယ်မှုပုံစံ အလားအလာကို ဆန်းစစ်လေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဏ္ဏဝါသိပ္ပံဌာနမှ ဒေါက်တာ ခင်မေချစ်မောင်က အဏ္ဏဝါသိပ္ပံဌာန၏ ဒေသအကျိုးပြု သုတေသနခေါင်းစဉ် ဖြင့်လည်းကောင်း၊ စီးပွားရေးပညာဌာနမှ ကထိက ဒေါ်ခိုင်ဇာဝင်းက ရောဝတီတိုင်းဒေသကြီး ရေချိုငါး မွေးမြူထုတ်လုပ်ခြင်း၏ ဈေးကွက်ဖြန့်ဖြူးမှုကို လေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း စသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စာတမ်းများ ပြုစုဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပုသိမ်တက္ကသိုလ်တွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသာမက ထုတ်လုပ်ရေးကဏ္ဍနှင့် ဈေးကွက်ကဏ္ဍ သုတေသနလုပ်ငန်းများကိုပါ ဖြည့်စွက်ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ရောဝတီတိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍအသီးသီးမှ ချဉ်းကပ်မှုမျိုးစုံနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း စသည့်သုတေသနလုပ်ငန်းများနှင့် ပတ်သက်သည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက် တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ရမည်းသင်း ဩဂုတ် ၂၂**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ငွေကျပ်သိန်း ၁၅၀ ဖြင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာ၌ စာကြည့်တိုက် အဆောက်အအုံအသစ် တည်ဆောက်မှုအခြေအနေများအား စာကြည့်တိုက်ဆောက်လုပ်မှု ကြီးကြပ်ရေးကော်မတီမှ ဩဂုတ် ၂၁ ရက်က ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်း၊ အဖွဲ့ဝင် ဦးဝင်းမြင့်၊ မြို့နယ်ပညာရေးမှူး ဦးမျိုးတင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာလင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလွင်တို့က စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူလူထု၏ လုပ်အား၊ ငွေအားများဖြင့် ဇူလိုင် ၁၀ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ၉၀ ရာခိုင်နှုန်းအထိ ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန္တာလင်း (ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်၌ သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၂**



နေပြည်တော် ဥတ္တရသီရိမြို့နယ် သမဝါယမအသင်းစု(လီမိတက်) အစည်းအဝေးခန်းမ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အမှာစကားပြောကြားပြီး အစည်းအဝေးပထမပိုင်းကို ကျင်းပသည်။

ထို့နောက် အစည်းအဝေး ဒုတိယအပိုင်းတွင် အမှုဆောင်အဖွဲ့သစ် ပြန်လည်ရွေးချယ်တင်မြှောက်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအဆင့်ဖွဲ့စည်းရေး ကော်မတီဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သမဝါယမ ကိုယ်စားလှယ်များအတွင်းမှ အမှုဆောင် ဒါရိုက်တာအဖွဲ့ ၁၁ ဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ကာ ရွေးချယ်ခံရသည့် အမှုဆောင်ဒါရိုက်တာအဖွဲ့သစ် ၁၁ ဦးမှာ အချင်းချင်း တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာ ခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာသို့ ရောက်ရှိစစ်ဆေးပြီး မိမိတို့ဝန်ကြီးဌာနမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ကေလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသောမျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အသေးစားတစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်းရန်ပုံငွေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် လိုအပ်သည့် မတည်ရင်းနှီးငွေများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ မြင်းကပါကျေးရွာကို ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း(Smart Village)၏ အဓိကကဏ္ဍကြီး(၆)ရပ်ဖြစ်သည့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှု ကူညီထောက်ပံ့မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်စီးပွားမြှင့်မားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် ဌာနပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ကျေးရွာတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပျော်ဘွယ်မြို့ရှိ မန်းရတနာဝါဂွမ်းနှင့်ဝါမျိုးစေ့ရောင်းဝယ်ရေးစက်ရုံများသို့ ရောက်ရှိပြီး တိုးချဲ့ဆောင်ရွက်လိုသည့် ဝါကြိတ်စက်ကို သမဝါယမစနစ်ဖြင့် အရင်းအနှီးထောက်ပံ့ပေးနိုင်ရေးနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ကူတိုကျေးရွာရှိ ရတနာရွှေကူစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၌ကျင်းပသည့် ဝါစိုက်အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ ဝါမျိုးစေ့ပေးအပ်ပွဲနှင့် သွင်းအားစုများထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အသင်းသား တောင်သူ ၈၆ ဦး၏ ဝါစိုက်ဧက ၂၃၂ ဧက အတွက် India နိုင်ငံထုတ် RAKA ဝါမျိုးစေ့များနှင့် သွင်းအားစု ဓာတ်မြေဩဇာများကိုပေးအပ်ခဲ့ပြီး(ဝဲပုံ) အသင်းသားတောင်သူများ၏ ဝါစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကူတိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဝင်ငွေတိုးစီမံကိန်းသင်တန်းမှ ထူးချွန်သူသင်တန်းသား ငါးဦး စပျစ်ဝိုင်ထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရင်ကွဲပင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာ၌ သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အိမ်ရှင်မဆီစက်တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန သတင်းကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**သတင်းကြေညာချက်**
**ရက်စွဲ၊ ၂၀၂၄-ခုနှစ်၊ ဩဂုတ်လ( ၂၃ )ရက်**

၁။ ၂၀၂၅-ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ ၂၀၂၅-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာတစ်စောင်လျှင် (၂၀၀ိ/-) နှင့် စာမေးပွဲဝင်ကြေးအတွက် (၇၀၀ိ/-) တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန၊ ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၂၄-ခုနှစ်၊ စက်တင်ဘာလ ( ၁ ) ရက်နေ့မှ စတင်၍ ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာတင်သွင်းရာ၌ STEAMS (1), (2) ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ STAMS ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဖြေဆိုခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ စနစ်ဟောင်း နဝမတန်း (Grade-10) အောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်းတက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းမရှိခဲ့သူများ၊ စနစ်ဟောင်း ဒသမတန်း (Grade 11) တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးသူများနှင့် စနစ်သစ် ဒွါဒသမတန်း (Grade-12) တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများကို ပြင်ပဖြေအဖြစ် ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဘာသာတွဲ (၃)ခုဖြစ်သော STEAMS-1, STEAMS-2, STAMS တို့အနက်မှ ဘာသာတွဲ (၁)ခုကို ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ၇၀၀ိ/-ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍၊ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၄-ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့ မှ စက်တင်ဘာလ ( ၃၀ )ရက်နေ့အတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

၆။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ၇၀၀ိ/-ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး၊ လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနသို့ ၂၀၂၄-ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှ စက်တင်ဘာလ ( ၃၀ ) ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်ပါသည်။

၇။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ နှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်(ရုံးခွဲ)၊ ပါရမီလမ်း၊ ၁၂-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဩဂုတ် ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ကာဒစ်စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ Erbil မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မလွင်လွင်ကြည်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM)၊ အီရတ်အာဏာပိုင်နှင့် ရွှေ့ပြောင်းအလုပ်သမားများအရေး ကူညီဆောင်ရွက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသ အခြေစိုက် SEED လူမှုကူညီရေးအဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်၍ မလွင်လွင်ကြည်အား ပိတ်လှောင်ခံထားရသည့် အေဂျင်စီရုံးမှ ကယ်တင်ခဲ့သည့်အပြင် IOM နှင့် SEED အဖွဲ့အစည်းများကလည်း အီရတ်နိုင်ငံ၏ ပြည်တွင်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာသံရုံးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ မလွင်လွင်ကြည်သည် ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၀၅ မိနစ်တွင် အီရတ်နိုင်ငံ Erbil မြို့မှ တူကီယဲနိုင်ငံ Istanbul မြို့လေဆိပ်သို့ ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ဘန်ကောက် - ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ထွက်ခွာခဲ့ရာ ယနေ့ ည ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အရှေ့အလယ်ပိုင်း နိုင်ငံများတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။



**ဓာတ်ပုံ-ကနူး**
**ညီမ်းသူ(သတင်းစဉ်)**

## နေပြည်တော်ကောင်စီဝင်များ လယ်ဝေးမြို့နယ်အတွင်းရှိ အငြိမ်းစား ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု ကြည့်ရှုအားပေး

**လယ်ဝေး ဩဂုတ် ၂၂**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုးသည် ယမန်နေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများအား နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို လာရောက်ကြည့်ရှုအားပေးသည်။

နေပြည်တော်ကောင်စီဝင်များသည် လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ လယ်ဝေးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစား ဝန်ထမ်းများအား နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာသန်းနိုင်စိုး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ဆီးချိုသွေးချိုတိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် ဖြစ်ပွားနေသည့်ရောဂါများအလိုက် စမ်းသပ်စစ်ဆေးပေးပြီး လိုအပ်သောဆေးဝါးနှင့် ကုသခြင်းများကို (အခမဲ့) ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ ကြက်ဥနှင့် အာဟာရပစ္စည်းများပေးအပ်သည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများအား သစ်သီးခြင်း ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ အငြိမ်းစားဝန်ထမ်းများအား ဆန်နှင့် စားသုံးဆီများဈေးနှုန်းချိုသာစွာ ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**





## သံအမတ်ကြီး ဒေါ်မာလာသန်းထိုက် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၂၂**

သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်မာလာသန်းထိုက်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ကိုလံဘိုမြို့ရှိ သမ္မတအိမ်တော်၌ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာနေးလ်ဝစ်ခ်ရီမီဆင်းဟီ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့်ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၁-၇-၂၀၂၄ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ၃၀-၇-၂၀၂၄ ရက်နေ့အတွင်း ပြန်လည်တင်သွင်းရန် ဖိတ်ခေါ်ထားရှိရာ သတ်မှတ်နေ့ရက်၊ အချိန်အတွင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုလွှာပေးပို့လာသူ (၅၈)ဦး ရှိခဲ့ပါသည်။

၂။ သတင်းမီဒီယာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကောင်စီဝင်အဖြစ် အမည်စာရင်းပေးပို့ခံရသူ(၃)ဦးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဒေါက်တာတင်ထွန်းဦး
(ခ) ဦးခင်မောင်ကျော်ဒင်
(ဂ) ဦးခင်မောင်ဇော်

၃။ သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်(၂/၂၀၂၄)အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက် အချိုးအစားအရ ပေးပို့လာသည့် နယ်ပယ်ကိုယ်စားပြုသူ (၁၀)ဦး အမည်စာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဒေါက်တာတင်အောင်ခိုင် | မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ |
| (ခ) | ဦးသိုက်ထွန်း | မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း |
| (ဂ) | ဒေါက်တာဇော်သန်း | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ |
| (ဃ) | ဦးကြည်ညွန့် | မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း |
| (င) | ဦးဥက္ကာအေး | မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း |
| (စ) | ဦးတင်ကိုကို | မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် |
| (ဆ) | ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ဇ) | ဦးအောင်ကြည် | မြန်မာနိုင်ငံစာရေးဆရာအသင်း(အောင်ကြည်ညွန့်-တက္ကသိုလ်) |
| (ဈ) | ပါမောက္ခ ဒေါက်တာမြသိန်းဟန် | မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ |
| (ည) | ဒေါက်တာစန်းဦး | မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ |

၄။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အဆိုပြုလွှာပေးပို့လာသူ (၅၈) ဦး၏ အဆိုပြုလွှာများအပေါ် သတင်းမီဒီယာနည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် (၂/၂၀၂၄)အရ အောက်ဖော်ပြပါ (၉) ဦးကို သတင်းမီဒီယာကောင်စီဝင်များအဖြစ် အဖွဲ့မှရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည့်အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဒေါက်တာခင်မောင်လွင်
(ခ) ဦးမြင့်သိန်း(မောင်မောင်မြင့်သိန်း)
(ဂ) ဦးစိန်တိုး(ဆန်းလင်း)
(ဃ) ဦးစန်းလွင်
(င) ဦးလှထွဋ်ဦး(ကာတွန်းလှထွဋ်)
(စ) ဦးရဲမင်းစိုး(မောင်မောက်ဝတ်လုံ)
(ဆ) ဦးပြည်စိုးဟန်
(ဇ) ဒေါ်နှင်းအေးခိုင်
(ဈ) ဒေါ်နီလာမျိုးဦး

၅။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ပွဲကျင်းပပြုလုပ်ပြီး ရွေးချယ်ရန်ဆုံးဖြတ်ခဲ့သည့် တစ်ဦးချင်းကိုယ်စားလှယ်လောင်း(၁၄)ဦး အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဒေါ်ကေသီခိုင်
(ခ) ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး)
(ဂ) ဒေါက်တာတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)
(ဃ) ဦးတင်ဝင်း(တင်ဝင်းလေး-ကြည့်မြင်တိုင်)
(င) ဦးအေးချမ်း
(စ) ဦးသိန်းလွင်(မောင်သိန်းလွင်-လှည်းကူး)
(ဆ) ဦးအောင်စည်ဟိန်း
(ဇ) ဦးမောင်မောင်ဦး(ဟိန်းလတ်)
(ဈ) ဦးမင်းသန့်(စစ်မင်းနောင်)
(ည) ဦးခင်မောင်မြင့်
(ဋ) ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)
(ဌ) ဦးနေဝင်း(ခ)ဦးရန်ကျော်
(ဍ) ဦးတင်စိုး
(ဎ) ဦးသိန်းဆွေမြင့်(ဇေယျာလင်းထွန်း)

၆။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဆိုပြုလွှာ ပေးပို့လာသူများအနက် သတ်မှတ်ထားသည့် အချက်အလက်အထောက်အထားပြည့်စုံမှုမရှိခြင်း၊ သတင်းမီဒီယာနည်းဥပဒေပါ သတ်မှတ်နယ်ပယ်နှင့် ကိုက်ညီမှုမရှိခြင်း စသည့်စိစစ်တွေ့ရှိမှုများကြောင့် အဖွဲ့၏သဘောတူဆုံးဖြတ်မှုဖြင့် (၃၄)ဦးအားပယ်ခဲ့ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

# သမဝါယမဟု အမည်နာမ ဖွင့်ဆိုခြင်း

**သမဝါယမဝန်ကြီးဌာနကို ၁၉၅၁ ခုနှစ် ဧပြီ ၅ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာနအမည်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၆၂ ခုနှစ် မတ် ၁၉ ရက်နှင့် ၂၆ ရက်နေ့များတွင် ထောက်ပံ့ရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ထောက်ပံ့ရေးနှင့် သမဝါယမဝန်ကြီးဌာန ဖြစ်လာခဲ့သည်။ ၁၉၆၅ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် တော်လှန်ရေးကောင်စီ၏ ကြေညာချက်(၆၆) အရ ကုန်သွယ်ရေးဝန်ကြီးဌာန သီးခြားဖွဲ့စည်းတည်ထောင်သောအခါ သမဝါယမဝန်ကြီးဌာနအမည်ဖြင့် ဖွဲ့စည်းကျန်ရစ်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ လေ့လာခဲ့ရသည်။**

**ဆိုဖီယာ**

မြန်မာနိုင်ငံသည် ရှေးယခင်က ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်သော ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံဖြစ်ခဲ့သည်။ ဗြိတိသျှမြန်မာစစ်ပွဲ သုံးကြိမ်ဖြစ်ပြီးနောက် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှ လက်အောက်ကျရောက်ခဲ့သည်။ ၁၈၈၇ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်လက်အောက်၌ လက်ထောက်ဘုရင်ခံအုပ်ချုပ်သော ပြည်နယ်တစ်နယ်အဖြစ် အိန္ဒိယအင်ပါယာအတွင်းသို့ သွတ်သွင်းခံခဲ့ရသည်။ အိန္ဒိယနိုင်ငံ၌ ၁၈၇၁ ခုနှစ် အလယ်ပိုင်းတွင် အရင်းရှင်မြေရှင်စနစ် ပိုမိုကြီးထွားလာပြီး ဆင်းရဲကျပ်တည်းမှုနှင့်အတူ မတန်တဆအတိုးနှုန်းများဖြင့် ငွေထုတ်ချေးသူ အရင်းရှင်များ ပေါ်များလာခဲ့သည်။ ၁၈၇၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံအတွင်းရှိ ပြည်နယ်များနှင့် ဒက္ခိဏ ကုန်းပြင်မြင့်ဒေသတစ်ဝိုက်တွင် ကျပ်တည်းမှုများ ပိုမိုဖြစ်ပေါ်လာခဲ့ပြီး အိန္ဒိယနိုင်ငံ တောင်သူလယ်သမားဆင်းရဲသားများမှာ ငွေကြေးကျပ်တည်းမှုကြောင့် ငွေချေးခြင်း၊ မြေပေါင်ခြင်း ပြုလုပ်ခဲ့ကြရသည်။ ငွေတိုးချေးစားသူများကယူသော ငွေတိုးနှုန်းမှာ ကြီးမြင့်လွန်းသဖြင့် တောင်သူလယ်သမားများ ကြွေးတင်ကျွန်ဖြစ်ရသည့်ဘဝ ဆိုက်ရောက်ခဲ့ရသည်။ ငွေရှင်၊ မြေရှင်၊ အရင်းရှင်များက ကြွေးမဆပ်နိုင်သည့် တောင်သူလယ်သမားများ၏ လယ်ယာမြေများကို ကြွေးနှင့် အဓမ္မသိမ်းယူသဖြင့် ဆင်းရဲသားလယ်သမားများ မြေမဲ့၊ ယာမဲ့ဘဝ ရောက်ခဲ့ရသည်။

ကျပ်တည်းနိမ့်ကျလှသော စီးပွားရေးအခြေအနေကို ဗြိတိသျှအစိုးရကဖြေရှင်းပေးရန် နည်းအမျိုးမျိုးကြံဆခဲ့သည်။ ၁၈၈၂-၁၈၈၃ ခုနှစ်တွင် ဆာဝိလျံဝတ်ဒါဗန်းက ကျေးရွာဘဏ်ကလေးများ တည်ဆောက်ပေးရန် အဆိုပြုခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံဗဟိုအစိုးရက လယ်ယာလုပ်ကိုင်သူများသို့ အမတော်ငွေများ ချေးငှားရေး အက်ဥပဒေထုတ်ပြန်ခဲ့သည်။ သို့သော် လယ်သမားများ၏ ပြဿနာများ ဖြေရှင်းနိုင်စွမ်းမရှိခဲ့ပါ။ ၁၈၉၂ ခုနှစ် မဒရပ်ပြည်နယ်အစိုးရက လယ်သမားအကျိုးရှိမည့် စီမံကိန်းတစ်ရပ်ရေးဆွဲရန် မစ္စတာ ဖရက်ဒရစ်နီကိုလ်ဆန်အား တာဝန်ပေးခဲ့သည်။ ၁၈၉၅ ခုနှစ်တွင် နီကိုလ်ဆန်က အစီရင်ခံစာ တင်သွင်းခဲ့ရာ ၁၉၀၀ ပြည့်နှစ်တွင် မဒရပ်ပြည်နယ်အစိုးရလက်ဝယ်ရောက်ရှိခဲ့သည်။ မစ္စတာအမ်ချ်ဒူပါနက်စ်က အိန္ဒိယပြည်မြောက်ပိုင်း ပြည်သူ့ဘဏ်အကြောင်း စာအုပ်ထုတ်ဝေပြီး သမဝါယမအသင်းတချို့ကို စတင်တည်ထောင်ခဲ့ရာ သမဝါယမစနစ်ကို အိန္ဒိယဗဟိုအစိုးရက စိတ်ဝင်စားခဲ့သည်။ မစ္စတာ ဖရက်ဒရစ်နီကိုလ်ဆန်၏ အစီရင်ခံစာနှင့် မစ္စတာ အမ်ချ်ဒူပါနက်စ်၏စာအုပ်ပါ အချက်အလက်များကို အိန္ဒိယဗဟိုအစိုးရက ၁၉၀၀ ပြည့်နှစ်တွင် ဆင်းမလားမြို့၌ အသေးစိတ်လေ့လာပြီး ၁၉၀၄ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် "သမဝါယမ ငွေစုငွေချေးအသင်းများဆိုင်ရာအက်ဥပဒေ" တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း လေ့လာခဲ့ရသည်။

သမဝါယမအက်ဥပဒေသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်ဖြစ်သော မြန်မာနိုင်ငံသို့ တရားဝင်ရောက်ရှိလာပြီး သမဝါယမအမည်နာမကို စတင်ခဲ့သည်ဟုဆိုပါသည်။

- ❖ "ကို"(Co) = အတူတကွ= သမဟုလည်းကောင်း၊
- ❖ "အော့ပရေးတစ်" = ဆောင်ရွက်သော = ဝါယမ ဟုလည်းကောင်း၊
- ❖ ထိုအချိန်မှစ၍"သမဝါယမ" ကို ဝေါဟာရပြုကာ ပါဠိဘာသာကို အကြောင်းပြု၍ မြန်မာများ အသုံးပြုခဲ့ရာ ယနေ့တိုင် ဖြစ်ကြောင်း၊
- ❖ **အကယ်၍မြန်မာစကားအရ "အတူတကွဆောင်ရွက်သောအသင်း" ဟုအမည်တွင်ခဲ့ပါက အရိပ်မည်းဖြစ်ခဲ့သည့် "သားဝမယားဝ" ဟူသောစကားလုံး မပေါ်ပေါက်ခဲ့နိုင်ကြောင်း စာရေးသူအတွေးပေါ်ခဲ့ပါသည်။**

### သမဝါယမ၏ အခြေခံသဘော

"သဘော" ဆိုသည်မှာ "ပါဠိဘာသာ" "သဘာဝ" မှ ဆင်းသက်လာသော စကားဖြစ်သည်။ "သဘာဝ"

**"ဝိုင်းဝန်းဆောင်ရွက်ကြခြင်းသည် အများကောင်းစားရေးအတွက် တစ်ဦးစီက ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြစ်သည်။ မြန်မာတိုင်းရင်းသားများ၌ ရွာထဲ၊ အရပ်ထဲ၌ အတူနေထိုင်သူတစ်ဦး၏ သာရေး၊ နာရေးကိစ္စပေါ်ပေါက်လျှင် ရပ်သူရွာသားများသည် ၎င်းသာရေးနာရေးကိစ္စများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်လေ့ရှိကြသည်။ ဤအလေ့အထသည် မြန်မာတို့၏ သဘာဝယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ဤသို့ တစ်ဦးစီ၏ အကျိုးကို အများကဆောင်ရွက် အများ၏အကျိုးကို တစ်ဦးစီက ဆောင်ရွက်လိုခြင်း သဘောတရားသည် မြန်မာတို့၏စိတ်ရင်းတွင် ရှိပြီးဖြစ်သည်။ ထိုသဘောတရားကို အနောက်နိုင်ငံပညာရှိများက "ကိုအော့ပရေးရှင်း"ဟူ၍ အမည်ပေးကြသည်။ မြန်မာတို့က ပါဠိဘာသာအကြောင်းပြု၍ "သမဝါယမ" ဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့ကြ"**

မှာ ဖြစ်ခြင်းဟူသော အနက်ရှိသည်၊ အလိုလို ဖြစ်ခြင်း သို့မဟုတ် ဖြစ်နေခြင်းကို " သဘာဝ "ဟု ခေါ်သည်။ သတ္တဝါများ-အစုလိုက်-အအုံလိုက် အသင်းအဖွဲ့ဖွဲ့စည်းပြီး နေလိုခြင်းသည် သတ္တဝါတို့၏ သဘာဝဖြစ်သည်။ သတ္တဝါများ အတူတကွနေထိုင်ရာတွင် တစ်ဦးကိုတစ်ဦးက ကူညီရိုင်းပင်းလိုခြင်းဖြစ်သည်လည်း သတ္တဝါတို့၏ သဘာဝတစ်ခုပင်ဖြစ်သည်။ မြန်မာ့ကျေးလက်ဒေသများတွင် ပူးပေါင်းဆောင်ရွက်ကြသည့် ဓလေ့ထုံးတမ်းများ တွေ့နိုင်ပါသည်။ ကျေးလက်တောင်သူလယ်သမားများသည် အလှည့်ကျ နွားကျောင်းခြင်း၊ လက်စားလိုက်၍ သီးနှံစိုက်ပျိုးခြင်း၊ စုပေါင်းရိတ်သိမ်းခြင်း၊ စုပေါင်းတလင်းနယ်ခြင်း၊ စုပေါင်း၍ ရေတွင်း၊ ရေကန်တူးဖော်ခြင်း၊ တံတားဆောက်ခြင်း၊ အိမ်ဆောက်ခြင်း၊ စာသင်ကျောင်းဆောက်ခြင်း၊ ဘုရားတည်ကျောင်းဆောက်ခြင်း စသည့် စီးပွားရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်းနှင့် လူမှုရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်လေ့ရှိကြသည်။ ဤသို့ ဝိုင်းဝန်းဆောင်ရွက်ကြခြင်းသည် အများကောင်းစားရေးအတွက် တစ်ဦးစီက ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြစ်သည်။ မြန်မာတိုင်းရင်းသားများ၌ ရွာထဲ၊ အရပ်ထဲ၌ အတူနေထိုင်သူ တစ်ဦး၏ သာရေး၊ နာရေးကိစ္စပေါ်ပေါက်လျှင် ရပ်သူရွာသားများသည် ၎င်းသာရေးနာရေးကိစ္စများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်လေ့ရှိကြသည်။ ဤအလေ့အထသည် မြန်မာတို့၏ သဘာဝယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ဤသို့ တစ်ဦးစီ၏ အကျိုးကို အများက ဆောင်ရွက် အများ၏အကျိုးကို တစ်ဦးစီက ဆောင်ရွက်လိုခြင်း သဘောတရားသည် မြန်မာတို့၏စိတ်ရင်းတွင် ရှိပြီးဖြစ်သည်။ ထိုသဘောတရားကို အနောက်နိုင်ငံပညာရှိများက "ကိုအော့ပရေးရှင်း" ဟူ၍ အမည်ပေးကြသည်။ မြန်မာတို့က ပါဠိဘာသာ အကြောင်းပြု၍ "သမဝါယမ" ဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။

### သမဝါယမ၏အဓိပ္ပာယ်

"အတူတကွဆောင်ရွက်မှု " ကို သမဝါယမဟူ၍ ခေါ်ဝေါ်ကြသည်၊ တစ်ဦးစီ၏ အကျိုးကို အများက ဆောင်ရွက် အများ၏အကျိုးကို တစ်ဦးစီက ဝိုင်းဝန်းဆောင်ရွက်လိုသော ဓမ္မတာသည် သမဝါယမသဘောပင်ဖြစ်သည်။ ဗြိတိန်နိုင်ငံသား **မစ္စတာကိုးလ်အုပ်အမည်ရှိ ပုဂ္ဂိုလ်ကြီးက "ရော့ကဒေးလ်ရှေ့ဆောင်များ (Radhcale Pioneers) အမည်ရှိစာအုပ်တွင် " ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းတစ်ခုတွင် သက်ဆိုင်သူအားလုံးတို့သည် သာတူညီမျှစွာ စီမံအုပ်ချုပ် အလုပ်လုပ်ကြခြင်းဖြင့် ဖြစ်ပေါ်လာသော အကျိုးအပြစ်ကို ခံစားကြရန် ညီညွတ်ကြလျှင် ထိုညီညွတ်မှုသည် သမဝါယမဖြစ်သည်"** ဟု ရေးသားဖော်ပြသည်။

"မစ္စတာကားလ်ဗတ်" အမည်ရှိပုဂ္ဂိုလ်ကြီးက **"လူ့ဘဝကိုအခြေပြု၍ လူတန်းစားမခွဲခြားဘဲ လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံခြင်းဖြင့် မိမိတို့စီးပွားရေးအခြေအနေများကို တိုးတက်အောင် မြှင့်တင်ရန်အလို့ငှာ ဖြစ်ပေါ်လာသော အကျိုးအပြစ်များကို သာတူညီမျှခံစားကြလျက် မိမိတို့ဆန္ဒအလျောက် အတူတကွ ဆောင်ရွက်ကြသော လူတို့၏ အစည်းအရုံးကို သမဝါယမဟု ခေါ်သည်"** ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ ထုတ်ဝေသော သမဝါယမစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုပညာစာအုပ်တွင် **"သမဝါယမဆိုသည်မှာ ငွေကြေးချို့တဲ့သော လူတစ်စုသည် ၎င်းတို့၏ ဆန္ဒအလျောက်တူညီသော စီးပွားရေးရလဒ်ကို ရရှိရန် မျှော်ကိုး၍ အများစုပေါင်းထိန်းချုပ်ထားသော စီးပွားရေးအဖွဲ့အစည်းအား ဖွဲ့စည်းပြီး ယင်းအဖွဲ့အစည်းအတွက် လိုအပ်သော ရင်းနှီးငွေရရှိရန် တူညီသောအစုငွေများ ထည့်ဝင်ရန် ပေါ်ထွက်လာသော အကျိုးအမြတ်နှင့် ဆုံးရှုံးမှုများကို တရားမျှတစွာလက်ခံခြင်းကို ဆိုလိုသည်"** ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်(ICA)မှ ၁၉၉၅ခုနှစ်တွင် ကျင်းပခဲ့သည့်(၃၁) ကြိမ်မြောက် ကမ္ဘာ့သမဝါယမညီလာခံကြီးမှ အဖွဲ့ဝင်များ သဘောတူညီမှုဖြင့် **"သမဝါယမဆိုသည်မှာ ဆန္ဒအလျောက်ပူးပေါင်းကြသူများက မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာလိုအပ်ချက်နှင့် လိုအင်ဆန္ဒများ ဖြည့်ဆည်းရန် အလို့ငှာ ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည်"** ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ရာ ယနေ့အချိန်အထိ ကျင့်သုံးလျက်ရှိသည်။

### သမဝါယမ သဘောတရားများ

လူသည် မိမိဘဝရပ်တည်မှုအတွက် မိမိကဲ့သို့သော အခြားလူများနှင့် ဆက်ဆံပေါင်းသင်းလုပ်ကိုင်ကြရသည်။ ထိုသို့ဆက်ဆံပေါင်းသင်းလာရသောအခါတွင် မိမိအပေါင်းအသင်း၏ အကျိုးစီးပွားရေးတည်းဟူသော ပရဟိတကိစ္စများကိုလည်း မလွှဲမရှောင်သာ ဆောင်ရွက်လာရသည်။ ထို့ကြောင့် လူသည် မိမိအကျိုး အတ္တဟိတအတွက် လုပ်ဆောင်ရသကဲ့သို့ အများ၏အကျိုး ပရဟိတအတွက်လည်း လုပ်ဆောင်ကြရသည်။ လူအသီးသီးတို့တွင် ကိုယ်စီကိုယ်ငရှိကြသော လိုအင်ဆန္ဒပြည့်ဝမှုအတွက် အချင်းချင်းရိုင်းပင်းကူညီမှုနှင့် အတူတကွပူးပေါင်းဆောင်ရွက်တတ်သည့် ဓလေ့ထုံးတမ်းသည် သမဝါယမစနစ်မပေါ်မီကတည်းကပင် ရှိခဲ့သော သမိုင်းအစဉ်အလာတစ်ခုဖြစ်သည်။ အတူတကွပူးပေါင်းဆောင်ရွက်ကြရာတွင် တစ်ရပ်တည်း၊ တစ်ရွာတည်းနေ လူတို့၏ ရပ်ရေးရွာရေးနှင့် သာသနာရေးကိစ္စများတွင် ဓလေ့ထုံးစံအရ တစုတဝေးတည်း၊ တညီတညွတ်တည်းစုပေါင်း၍ ဆောင်ရွက်ကြသကဲ့သို့ ရွာလမ်း၊ ရွာတံတားပျက်၍ စုပေါင်းပြင်ဆင်ခြင်း၊ သုံးရေ၊ သောက်ရေမလုံလောက်၍ ရေတွင်းရေကန်စုပေါင်းတူးကြခြင်း၊ ဆည်မြောင်းဖောက်ခြင်း၊ ရေကာတာများ ဆောက်လုပ်ခြင်း၊ လမ်းများဖောက်ခြင်းစသည့် မြို့ရွာစည်ပင်သာယာရေးလုပ်ငန်းများ၊ ရောဂါအန္တရာယ် စုပေါင်းကာကွယ်ခြင်းစသည့် အကြောင်းပေါ်ပေါက်ပါက စုပေါင်းဆောင်ရွက်ခြင်းများလည်း ရှိခဲ့ကြသည်။ ဓလေ့ထုံးစံအရ အတူတကွ ပူးပေါင်းဆောင်ရွက်မှုတွင်ဖြစ်စေ အကြောင်းပေါ်၍ အတူတကွပူးပေါင်းဆောင်ရွက်မှုတွင် သူတစ်ပါးအား မလိုမုန်းထားသောစိတ်မထားဘဲ သန့်ရှင်းမွန်မြတ်သည့် စေတနာသည် အရင်းခံဖြစ်သကဲ့သို့ စီးပွားရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်သော သမဝါယမလုပ်ငန်းသည်လည်း ဤစေတနာမျိုးပေါ်မှာပင် အခြေတည်ခဲ့သည်။

အတူတကွပူးပေါင်းဆောင်ရွက်သည့် သမဝါယမလုပ်ငန်းဟု အဓိပ္ပာယ်ရသော ကိုအော့ပရေးရှင်း (Co-operation)ဟူသော ဝေါဟာရကို တီထွင်သူမှာ အင်္ဂလန်ပြည် ဝေလနယ်သား ရောဘတ်အိုဝင် (Rebert Owner) (၁၇၇၁-၁၈၅၈) ဖြစ်သည်။ လူတစ်စု၏ စီးပွားရေးအောက်တန်းကျအောင် ဖန်တီးနေသော စီးပွားရေးစနစ်ကိုမူ ရောဘတ်အိုဝင်က "ကွန်ပီတီးရှင်း-(Competition)" ဟု ခေါ်ခဲ့သည်။ မြန်မာဘာသာအားဖြင့် "အပြိုင်အဆိုင်စီးပွားရေးစနစ်"ဖြစ်သည်။ ထို့ကြောင့် လူများ အလုပ်လက်မဲ့ဖြစ်ကြခြင်း၊ အလုပ်ရှိသောလူများ ရရှိသောအခကြေးငွေမှာလည်း အလွန်နည်းပါးခြင်း၊ နေ့စားကလေးများရနိုင်ရန် တစ်နေ့ ၁၇ နာရီ အလုပ်လုပ်ရခြင်း၊

*စာမျက်နှာ ၁၁ သို့*

## အဖျက်ရန်ဟူသမျှ တိုက်ထုတ်ကြ

❑ သူ့ကျွန်ဘဝ နှစ်တစ်ရာမျှ
နေခဲ့ရပါ ချိန်ရှည်ကြာ
လွန်စွာဆင်းရဲ နေရမြဲ
စိတ်ထဲမကောင်း ပြည်သူပေါင်း
စိတ်ထောင်းကိုယ်ကြေ ဖြစ်ရပေ
ညှိုးကြွေပွင့်ပန်း မစိမ်းလန်း
နွမ်းတယ်လေ့ နွမ်းတယ်လေ့။

❑ တို့ဘိုးတို့ဘွား ပြည်သူများ
ပေးထားအသက် နှင်းအပ်လျက်
ရန်းထွက်တော်လှန် ငံ့မခံ
ဇောန်ပိုက်ထွေး လွတ်လပ်ရေး
အေးမြလန်းဆန်း ပြည်တစ်ဝန်း
ငြိမ်းချမ်းတယ်လေ့ သာတယ်လေ့။

❑ သို့သော်ယနေ့ မမေ့မလျော့
မတော်မိုက်လျက် အကြမ်းဖက်
ရက်စက်ယုတ်မာ ပြုကြတာ
မြို့ရွာအများ လန့်တကြား
စီးပွားလည်းပျက် ဒုက္ခဆက်
ရတက်မအေး နေရသေး
တွေးမိတယ်လေ့ ဆွေးဖွယ်လေ့။

❑ ယခင်ရှေးလို ငြိမ်းချမ်းလို
စစ်ကိုစစ်ချင်း တိုက်ထုတ်ခွင်း
မယွင်းဇောန် ပြုရမှန်
အားမာန်တင်းတင်း ဖော်တစ်သင်း
မယွင်းဖျဖျ ညီညာစွ
တိုက်ကြမယ်လေ့ တိုက်မယ်လေ့။
အောင်ရမယ်ပေ့ အောင်မယ်လေ့။

ဘိုမျိုး(ရွှေဘို)

## ထားဝယ်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ထားဝယ် ဩဂုတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူး ဦးဝင်းနောင်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လှလိုက်တဲ့ တနင်္သာရီအက၊ ပန်းပွားအက၊ အေရိုးဗစ်အကများဖြင့် သီဆိုကပြဖျော်ဖြေနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြည့်ရှုအားပေးပြီး ဆုငွေများ ချီးမြှင့်သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသည့်လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ စကားရည်လုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အားကစားအနေဖြင့် ခါးကွင်းလှည့်ကစားနည်း၊ ခွက်နင်းကစားနည်းများနှင့် စာအုပ်များ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းသုံးဗလာစာအုပ်များပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၊ ဆရာမများ သင်ကြားသင်ယူမှုတွင် အထောက်အကူဖြစ်စေရန်၊ ကျောင်းသား ကျောင်းသူများသည် စာကြည့်တိုက်မှတစ်ဆင့် အမျိုးသားယဉ်ကျေးမှု မြတ်နိုးစေရန်၊ အမျိုးသားဇာတိမာန်ထက်သန်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားသည့် ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၃)မှ ကျောင်းသား ကျောင်းသူများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြဘုတ်များနှင့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြပြီး ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲကြသည့် ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများအား ဩဂုတ် ၂၃ ရက်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အလုပ်လုပ်သူများနေထိုင်ရန် သန့်ရှင်းလုံခြုံသော နေရာထိုင်ခင်းမရှိခြင်း၊ အလုပ်ခွင်ကျန်းမာရေး ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အလုပ်ရှင်က တစ်စုံတစ်ရာစီမံထားမှုမရှိခြင်း၊ အစားရေစာများမှာ မသန့်ရှင်းသည့်အပြင် ဈေးနှုန်းကြီးမြင့်ခြင်း၊ ဝတ်ဆင်ရန်လည်း လုံလောက်သော အဝတ်အထည် မရှိခြင်းစသည့် အလွန့်အလွန် လူတန်းစေ့အောင် ချို့တဲ့စေသည့်စနစ်မှာ တစ်ကိုယ်ကောင်းကျိုးအတွက် တစ်ဦးနှင့်တစ်ဦးပြိုင်ဆိုင်ပြီး တစ်ဦးထက် တစ်ဦးက ပိုမိုချမ်းသာအောင် လုပ်ကိုင်ဆောင်ရွက်နေကြသော “ကွန်ပီတီးရှင်း” စီးပွားရေးစနစ်ဖြစ်ကြောင်း ရောဘတ်အိုဝင်က ယူဆခဲ့သည်ဟု ဆိုသည်။ ယင်းစနစ်ကို အတူတကွ ပူးပေါင်းဆောင်ရွက်မှု “ကိုအော့ပရေးရှင်း”နှင့် အစားထိုးရမည်ဟု ရောဘတ်အိုဝင်က ယူဆခဲ့သည်။

အလားတူ ရွာများ၊ မြို့များသည် နိုင်ငံအတွင်း အနှံ့အပြားအထမြောက်ခဲ့သော် တစ်နိုင်ငံလုံး၏ အခြေအနေသည် အလွန်သာယာစည်ပင်လျက် လူအများလည်း ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်ကြလိမ့်မည်ဟု မျှော်မှန်းခဲ့သည်။ ၁၉ ရာစု ကုန်ခါနီးမှစ၍ သမဝါယမခေါင်းဆောင်များသည် သမဝါယမသဘောတရားများကို လက်တွေ့အဖြစ် အပျက်များတွင်သာ အခြေတည်ခဲ့သည်။ သမဝါယမဖြစ်ပေါ်မှုကို အရင်းခံ၍ ပေါ်ပေါက်လာသော လူထုလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ထင်ရှားစွာတွေ့ရသည်။ အလုပ်သမားလူတန်းစားများ ကြုံတွေ့ခံစားနေကြသည့် အလုပ်လုပ်သလောက် တန်ရာတန်ဖိုး၊ လုပ်ခမရကြသည့်ဒုက္ခ၊ ပင်ပန်းကြီးစွာ လုပ်ကိုင်ရသဖြင့် ကျန်းမာရေးနှင့် စိတ်ဓာတ်ရေး ထိခိုက်လာသည့် ဒုက္ခစသည့် လူမှုရေးနစ်နာချက်ဒုက္ခများကို ကိုယ်တိုင်မြင်တွေ့ကြရသဖြင့် ရောဘတ်အိုဝင်ကဲ့သို့ ကိုယ်ချင်းစာတရားရှိသော ကမ္ဘာ့သမဝါယမသမိုင်းဝင်ပုဂ္ဂိုလ်ကြီးများဖြစ်သည့် ဗြိတိန်နိုင်ငံမှ ဒေါက်တာဝီလျံကင်းနှင့် ရော့ခ်ဒေးလ် ရှေ့ဆောင်လမ်းပြများ၊ ပြင်သစ်နိုင်ငံမှ ရှားလ်ပူရီယေ- စိန့်စီမွန်နှင့် ဖိလစ်ဘူချေး၊ ဂျာမနီနိုင်ငံမှ ရဖိုက်ဆင်နှင့် ရှူးလ်(စ်)တို့အပြင် အီတလီနိုင်ငံမှ လူဇာတ္တိတို့သည် ထင်ရှားသောအဖွဲ့အစည်းများ ပေါ်ပေါက်ခဲ့သည်။ ကမ္ဘာ့သမဝါယမသမိုင်းတွင် အောင်မြင်မှုအများဆုံးနှင့် အထင်ရှားဆုံးမှာ အင်္ဂလန်နိုင်ငံမှ ရော့ခ်ဒေးရှေ့ဆောင်လမ်းပြများ ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ရော့ခ်ဒေးလ်သမဝါယမအသင်းသည် စက်ရုံ၊ အလုပ်ရုံ အလုပ်သမားများ လက်တွေ့ခံစားနေရသော ပြဿနာများအနက် အဓိကပြဿနာများကို ဦးစားပေး၍ ဖြေရှင်းနိုင်ရန် ချမှတ်ခဲ့သော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် အသင်းက လိုက်နာဆောင်ရွက်ရမည့် အခြေခံမူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ရော့ခ်ဒေးလ်သမဝါယမအသင်း၏ အခြေခံမူရှစ်ချက်သည် ထိုခေတ်အခြေအနေကို သုံးသပ်၍ ချမှတ်ခဲ့သောမူများ ဖြစ်သော်လည်း ယနေ့အချိန်တွင် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်မှ အခြေခံမူခုနစ်ချက်ကိုချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံရှိ သမဝါယမအသင်းများအနေဖြင့် အခြေခံမူ ၁၀ ချက် ချမှတ်၍ ဆောင်ရွက်နေပါကြောင်း သိရှိရပါသည်။

အချုပ်ဆိုရသော် “ကို(Co)” စကားလုံးသည် (အတူတကွ)တစ်ဖြစ်လဲ (သမ)ဟု လည်းကောင်း၊ “အော့ပရေးတစ်” စကားလုံးသည် (ဆောင်ရွက်သော) တစ်ဖြစ်လဲ (ဝါယမ)ဟု လည်းကောင်း “သမဝါယမ” ကို ဝေါဟာရပြုကာ ပါဠိဘာသာကို အကြောင်းပြု၍ ပေါ်ပေါက်လာပါကြောင်း အမည်နာမသည် အဓိကမဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ခြင်းသည် အောင်မြင်ရာ၏ ဆိုသည့်အတိုင်း တစ်ဦးစီ၏ အကျိုးကို အများကဆောင်ရွက် အများ၏ အကျိုးကို တစ်ဦးစီက ဆောင်ရွက်လိုခြင်း သဘောတရားအတိုင်း “အတူတကွဆောင်ရွက်သောအသင်း”ဟု သဘောပေါက်နားလည်စေချင်ကြောင်း ထပ်လောင်း၍ တင်ပြလိုက်ရပါသည်။ ။

❂ ❂ ❂

# လွိုင်ကော်မြို့ရှိ ဆရာ ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဩဂုတ် ၂၂**

ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ဒေါတမရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ဒေါတမ)ရှိ ဆရာ ဆရာမများ အား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းများ၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့်အဖွဲ့ ဝင်များ၊ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမ ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက် ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ် ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ များက လက်ခံရယူကြသည်။

ယင်းနောက် ဆရာ ဆရာမများ၏ တင်ပြချက် များကို တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအားရင်းရင်းနှီးနှီး လိုက်လံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ အဆိုပါကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့် ကြက်သားဆန်ပြုတ်များ တိုက်ကျွေး ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပေါင်းတည်မြို့နယ်နှင့် ကလေးမြို့တို့ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား







**နေပြည်တော် ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည် မြို့နယ် ပုံချီတက်ကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း နှင့် ကားတစ်စီး၊ ဆိုင်ကယ်တစ်စီး တို့ကိုလည်း ဖျက်ဆီးခဲ့သည့် ဖြစ်စဉ် ဩဂုတ် ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်း တု၊ သတင်းအမှားများကို ပြည်သူ များ အထင်အမြင်လွဲမှားစေရန် အတွက် လုပ်ကြံရေးသားဖြန့်ဝေ နေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက် ၍ ပေါင်းတည်မြို့နယ်မှ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြား ချက်အရ ဩဂုတ် ၂၀ ရက်က ပုံချီတက်ကျေးရွာ အနီးတစ်ဝိုက် တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ သော်လည်း ၎င်းကျေးရွာမှ နေအိမ်များ၊ ကားနှင့် ဆိုင်ကယ် များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်း မရှိကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့ သုံးအိမ်စု ကျေးရွာနှင့် ရှားတောကျေးရွာ တို့ကို ဩဂုတ် ၂၀ ရက်က လုံခြုံ ရေး ပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ် မမှန် စွပ်စွဲရေးသားဖြန့်ဝေနေ သည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၀ ရက်က ရှားတောကျေးရွာအတွင်း အကြမ်းဖက်သမားများ ရောက်ရှိ နေပြီး ဒေသခံပြည်သူများအား အဓမ္မ လူသစ်စုဆောင်းခြင်းနှင့် ငွေကြေး ကောက်ခံခြင်းများ လုပ်ဆောင်နေကြောင်း သတင်း အရ နယ်မြေလုံခြုံရေးဆောင်ရွက် လျက်ရှိသည့် လုံခြုံရေးပူးပေါင်း တပ်ဖွဲ့ဝင်များက ရှားတော ကျေးရွာအတွင်း ရောက်ရှိနေသည့် အကြမ်းဖက်သမားများကို ဝိုင်းဝန်း ပိတ်ဆို့တိုက်ခိုက်ခဲ့ရာ အပြန် အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထိခိုက် သေဆုံးမှုများစွာဖြင့် အနောက် တောင်ဘက်သို့ ဆုတ်ခွာထွက် ပြေးသွားခဲ့ကြောင်း၊ ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များ လိုက်လံ တိုက်ခိုက်ခြင်း မရှိစေရန်အတွက် ရှားတောကျေးရွာမှ နေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့သည့်အတွက် နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ ရကြောင်းနှင့် ၎င်းတို့ထံမှ အကြမ်း ဖက်သမား အလောင်းနှစ်လောင်း၊ သေနတ် လေးလက်၊ လက်ပစ်ဗုံး နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံ ရေးတာဝန်ရှိသူတစ်ဦး၏ ပြော ကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာ များက လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် ပြည်သူများအထင်အမြင် လွဲမှားစေရန်အတွက် နယ်မြေ လုံခြုံရေး ဆောင်ရွက်ခဲ့သည့် မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင် များက မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခြင်း စသည့် တစ်ဖက်သတ် စွပ်စွဲ ရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကိုသာ ရည်ရွယ် ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေ ခြင်းသာဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ရန်ကုန်အနောက်ပိုင်းခရိုင် GEC ဝန်ထမ်းများ သမဝါယမ အသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် “ရန်ကုန်အနောက်ပိုင်းခရိုင် GEC ဝန်ထမ်းများ” သမဝါယမအသင်းလီမိတက်၏ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် သမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်မြမြသက်က ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အသင်းအမှု ဆောင်အဖွဲ့၏အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို အသင်း၏ဒါရိုက်တာအဖွဲ့ဝင် ဦးသွင်အောင်နီက ဖတ်ကြားတင်သွင်းခဲ့ပြီး တက်ရောက်လာကြသည့် အသင်းသားများက အတည်ပြုဆွေးနွေးခဲ့သည်။

ထို့နောက် ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းများနှင့်ပတ်သက်၍ သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်း ပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစုပေါ်အမြတ်ငွေနှင့် လက်ဆောင်ပစ္စည်းများကို ရန်ကုန်အနောက် ပိုင်းခရိုင် GEC ဝန်ထမ်းများ အသင်းလီမိတက်၏ အသင်းသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၂

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေ များအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “User49270 532662” TikTok အကောင့်ပိုင်ရှင် ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘူးလယ်အင်းကျေးရွာနေ ကျော်ကိုကို(၃၀)နှစ်အား နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ “Alphayairyinttaly” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်း ဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်ပင်စမ်းကျေးရွာနေ သန်းဇော်ဌေးအား နံနက် ၉ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Lashio Ko Ko” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မြင်းခြံမြို့နယ် ရွာသာအေးကျေးရွာနေ ဇော်မျိုးဦး(ခ)အောင်ဗလအား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Moe Lay” Facebook အကောင့်ပိုင်ရှင် ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ကျေးရွာနေ မိုးလေးအား ညနေ ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လုပ်ကြံခံရမှုမှလွတ်မြောက်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် လဟာပြင်တွင် လူထုထောက်ခံပွဲ ဒေါ်နယ်ထရမ့် ပြုလုပ်

**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်ရီပက်ဗလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရမ့်သည် လွန်ခဲ့သည့်လအတွင်းလုပ်ကြံခံရမှုမှ လွတ်မြောက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် လဟာပြင်တွင် လူထုထောက်ခံပွဲ ပြန်လည်ပြုလုပ်ခဲ့သည်။

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် လုံခြုံရေးအကြောင်းပြချက်များကြောင့် အဆောက်အအုံအတွင်းမဟုတ်ဘဲ ဟင်းလင်းပြင်တွင် ပြုလုပ်သည့် ထောက်ခံပွဲများကို ဖျက်သိမ်းခဲ့ရသည်။ အဆောက်အအုံအတွင်းပြုလုပ်သည့်ပွဲများကိုသာ ဒေါ်နယ်ထရမ့် တက်ရောက်ခဲ့သည်။ သို့သော်လည်း ထရမ့်သည် ၎င်း၏ မဲဆွယ်စည်းရုံးမှုများကို လူများများ တက်ရောက်နိုင်သည့် အဆောက်အအုံပြင်ပ ကွင်းပြင်များတွင်သာ ပြုလုပ်လိုသည်။

အထူးထောက်လှမ်းရေးဌာန၏ ခွင့်ပြုချက်ရရှိပြီးနောက် ထရမ့်သည် ဩဂုတ် ၂၁ ရက်က မြောက်ကာရိုလိုင်းနားပြည်နယ်၌ ကျင်းပသည့်ပွဲကို အဆောက်အအုံအတွင်းမဟုတ်ဘဲ ကွင်းပြင်တွင် ပြုလုပ်ခဲ့သည်။ ၎င်းသည် ကျည်ကာမှန်များ၏ အနောက်တွင်ရပ်ကာ မိန့်ခွန်းပြောကြားခဲ့သည်။ အနီးပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများပေါ်တွင် စနိုက်ပါသမားများ နေရာယူထားပြီး လုံခြုံရေးကို လည်းတင်းကျပ်ခဲ့သည်။

ထရမ့်က လက်ရှိသမ္မတဂျိုးဘိုင်ဒင်အစိုးရအဖွဲ့ကို ဝေဖန်ခဲ့သည်။ ထရမ့်သည် ယခုသီတင်းပတ်အတွင်း မဲဆွယ်စည်းရုံးရေး လှုပ်ရှားနေသည့် ပြည်နယ်များတွင် နေ့စဉ်လူထုစုဝေးပွဲများ ကျင်းပလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ရီပက်ဗလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရမ့်။

# အိန္ဒိယနိုင်ငံရှိ ဆေးဝါးစက်ရုံ ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၇ ဦးအထိ ရှိလာ

**နယူးဒေလီ ဩဂုတ် ၂၂**

အိန္ဒိယနိုင်ငံ တောင်ပိုင်းပြည်နယ် အန်ဒရာပရာဒေ့ရှ်ရှိ ဆေးဝါးစက်ရုံတစ်ရုံ၌ ဩဂုတ် ၂၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ၁၇ ဦးအထိ ရှိလာသည်ဟု ဩဂုတ် ၂၂ ရက်တွင် ရဲအရာရှိတစ်ဦးက ပြောသည်။



ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ၃၅ ဦး ကျော်ရှိပြီး ၎င်းတို့ကို ဒေသတွင်းဆေးရုံတွင် ဆေးကုသမှုပေးထားသည်ဟု သိရသည်။ သို့သော်လည်းဒဏ်ရာ ရရှိသူဦးရေမှာ ၅၀နီးပါးရှိပြီး အဆိုပါဖြစ်ရပ်မှာ ပြည်နယ်၌ ဆယ်စုနှစ်အတွင်း အကြီးမားဆုံးဖြစ်ရပ်ဟု ပြည်တွင်း မီဒီယာအချို့တွင် ဖော်ပြကြသည်။

အန်ဒရာပရာဒေ့ရှ် ပြည်နယ်အတွင်း အဓိကမြို့ကြီးများထဲမှ တစ်ခုဖြစ်သော ဗီရှာ့ခပတ်ပါတန်မြို့၏ အနောက်ဘက် ၃၀ ကီလိုမီတာအကွာ အက်ချူတာပူရမ် အထူးစီးပွားရေးဇုန်ရှိ စက်ရုံအတွင်း ဓာတ်ပေါင်းဖိုအနီးတွင် ပေါက်ကွဲမှုကြောင့် မီးအကြီးအကျယ် လောင်မှုဖြစ်ပွားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီက အဆိုပါဖြစ်ရပ်ကြောင့် သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့ပြီး သေဆုံးသွားသူများ၏ မိသားစုဝင်များနှင့် ဒဏ်ရာရရှိသူများအတွက် အမျိုးသားသက်သာချောင်ချိရေးရန်ပုံငွေမှ လျော်ကြေးများ ပေးအပ်ကြောင်းကြေညာခဲ့သည်။

**ဆင်ဟွာ**

# ဇွန်လမှစတင်ကာ ဆူဒန်နိုင်ငံ၌ မိုးကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၃၄ ဦးအထိရှိ

**ခါတွန် ဩဂုတ် ၂၂**

ဆူဒန်နိုင်ငံ၏ မိုးရာသီကာလ ဇွန်လမှစတင်ကာ နိုင်ငံတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံဖြစ်မှုများကြောင့် သေဆုံးသူ ၁၃၄ ဦးရှိသည်ဟု ဆူဒန်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂၁ ရက်တွင် ဖော်ပြခဲ့သည်။ ရေကြီးမှုများကြောင့် ဒဏ်ရာရရှိသူ ၂၈၁ ဦးရှိသည်ဟု ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ရေကြီးမှုဒဏ်ကို ပြည်နယ် ၁၀ ခုတွင် ကြုံတွေ့ရပြီး အိမ်ထောင်စုပေါင်း ၂၇၂၇၈ ပေါ်တွင် သက်ရောက်စေခဲ့သည်။ ရေကြီးမှုသည် ဆူဒန်နိုင်ငံတွင် ထပ်တလဲလဲဖြစ်ပေါ်သည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ပုံမှန်အားဖြင့် ဇွန်လမှ အောက်တိုဘာလအတွင်း ဖြစ်ပွားလေ့ရှိသည်။ ယခုနှစ်မိုးရာသီအတွင်း ဆူဒန်နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပဋိပက္ခကို ပိုမိုဆိုးရွားစေခဲ့သည်။ **ဆင်ဟွာ**

# ဂါဇာအပစ်ရပ်စဲရေးနှင့် ဓားစာခံများလွှတ်ပေးရေး အရေးတကြီးလုပ်ဆောင်သွားရန် အမေရိကန်သမ္မတက အစ္စရေးဝန်ကြီးချုပ်ကိုဖိအားပေး

**ဝါရှင်တန် ဩဂုတ် ၂၂**

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများလွှတ်ပေးရေး လျင်လျင်မြန်မြန် လုပ်ဆောင်ရန် လိုအပ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမန် နေတန်ယာဟုကို ဖိအားပေးခဲ့သည်။




အိမ်ဖြူတော်က မစ္စတာ နေတန်ယာဟုနှင့် ဘိုင်ဒင်တို့၏ အပြန်အလှန် ဖုန်းပြောဆိုမှု အကျဉ်းချုပ်ကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်လိုက်သည်။

ထုတ်ပြန်ချက်ထဲတွင် အပစ်အခတ်ရပ်စဲရန်နှင့် ဓားစာခံများ လွှတ်ပေးရန် သဘောတူညီချက်ကို ပြီးမြောက်အောင်လုပ်ဆောင်ရန် အရေးကြီးကြောင်း ဘိုင်ဒင်က အလေးအနက်ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဟားမားစ်တို့ကြား သဘောထားကွဲလွဲချက်များကို စေ့စပ်ညှိနှိုင်းရန် စေ့စပ်ညှိနှိုင်းသူများက ကြိုးစားလျက်ရှိသည်။ နောက်ဆုံး အဆိုပြုချက်တွင် ထည့်သွင်းထားသည့် အစ္စရေးကို မျက်နှာသာပေးသည်ဆိုသည့် အချက်ကို ဆန့်ကျင်ကြောင်း ဟားမားစ်တို့က ထုတ်ဖော်ပြောကြားခဲ့သည်။

နောက်တစ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုကို စေ့စပ်ညှိနှိုင်းသည့်နိုင်ငံများအနက် နိုင်ငံတစ်နိုင်ငံဖြစ်သောအီဂျစ်တွင် ကြာသပတေးနေ့ နှင့် သောကြာနေ့များတွင် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။

အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တွင် အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် နေတန်ယာဟုတို့သည် ကျန်ရှိနေသည့် အတားအဆီးများကိုဖယ်ရှားရန် ကိုင်ရိုတွင် ကျင်းပမည့် ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်ဟု ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် အမေရိကန် လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် အေဘရာဟမ်လင်ကွန်းသည် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိခဲ့သည်ဟု အမေရိကန်အလယ်ပိုင်း စစ်ဌာနချုပ်က ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

လွန်ခဲ့သည့်လက တီဟီရန်တွင် ဟားမားစ်ခေါင်းဆောင် အစ္စမေးလ် ဟာနီယာ့ အသတ်ခံရခြင်းအတွက် အစ္စရေးကို လက်တုံ့ပြန်ရန် အီရန်က ပြောကြားနေသည့်အချိန်တွင် ယခုကဲ့သို့ လေယာဉ်တင်သင်္ဘော ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအဖွဲ့၏ တပ်ဖြန့်ခြင်းသည် အစ္စရေး၏ကာကွယ်ရေးအတွက် အမေရိကန်၏ ထောက်ပံ့မှုကို ပိုမို အားကောင်းစေရန်သာမက အီရန်ကို ထိန်းသိမ်းရန်အတွက်လည်း သိသိသာသာ ရည်ရွယ်ချင်ပုံရသည်။

**အင်န်အိတ်ချ်ကေ**

# အာဖရိကအရှေ့ပိုင်းနှင့် တောင်ပိုင်းတွင်ဖြစ်ပေါ်နေသည့် မျောက်ကျောက်ရောဂါတုံ့ပြန်မှုကို တိုးမြှင့်ရန် ယူနီဆက်ဖ် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်း တောင်းခံ

**ဂျီနီဗာ ဩဂုတ် ၂၂**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)သည် အာဖရိကအရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် မျောက်ကျောက်ရောဂါတုံ့ပြန်မှု တိုးမြှင့်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်းကို ကြာသပတေးနေ့က တောင်းခံလိုက်သည်။

ကင်ညာမြို့တော် နိုင်ရိုဘီတွင် ထုတ်ပြန်လိုက်သည့် ထုတ်ပြန်ချက်တွင် အရှေ့နှင့် တောင်အာဖရိကဆိုင်ရာ ယူနီဆက်ဖ်ဌာနေညွှန်ကြားရေးမှူး အီတလီဗာကာဒီလီက မျောက်ကျောက်ရောဂါအမျိုးအစားသစ်သည် ထိခိုက်လွယ်သော ကလေးများနှင့် မိသားစုများအတွက် ဆိုးရွားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘူရွန်ဒီ၊ ရာဝမ်ဒါ၊ ယုဂန္ဒာ၊ ကင်ညာနှင့် တောင်အာဖရိကတွင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှု ၂၀၀ ကျော်အတည်ပြုပြီးချိန်တွင် ကလေးများနှင့် ထိခိုက်လွယ်သူများသည် ဒေသတွင်း မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားပျံ့နှံ့မှု ကြီးထွားလာနေဆဲအခြေအနေနှင့် ကြုံတွေ့လျက်ရှိသည်။

အသက် ၂၀ နှစ်အောက်ကလေးများနှင့် ဆယ်ကျော်သက်များသည် ရောဂါကူးစက်ဖြစ်ပွားမှု၏ ၆၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိခဲ့သည်။ ငါးနှစ်အောက်ကလေးများသည် ရောဂါကူးစက်ဖြစ်ပွားမှု၏ ၂၁ ရာခိုင်နှုန်းရှိသည်။

မျောက်ကျောက်ရောဂါဖြစ်ပွားခဲ့သည်ဆိုသည့် အမည်းစက်၊ ခွဲခြားဆက်ဆံခြင်းနှင့် ကျောင်းပညာသင်ကြားရေးတွင် အနှောင့်အယှက်ဖြစ်နိုင်ခြင်းအပါအဝင် ကလေးများနှင့် ဆယ်ကျော်သက်များအပေါ် မျောက်ကျောက်ရောဂါဖြစ်ပွားမှု၏ နောက်ဆက်တွဲသက်ရောက်မှုများအပေါ် စိုးရိမ်မှုများရှိကြောင်း ကုလသမဂ္ဂအေဂျင်စီက ဖော်ပြထားသည်။

**ဆင်ဟွာ**

# စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ဖန်ဖြစ်ပေါ်လာတဲ့ မျောက်ကျောက်ရောဂါ

နှင်းမိုးအိမ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အာဖရိကမှာ ဖြစ်ပွားနေတဲ့ မျောက်ကျောက်ရောဂါကို အပြည်ပြည်ဆိုင်ရာ စိုးရိမ်ဖွယ်ရာ အများပြည်သူကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါတယ်။ အတိတ်ကာလတုန်းကလည်း အီဘိုလာ ရောဂါဖြစ်ပွားတုန်းက တစ်ကြိမ်၊ ကိုဗစ် - ၁၉ ဖြစ်ပွားတုန်းက တစ်ကြိမ်နဲ့ ၂၀၂၂ ခုနှစ် ဥရောပမှာ မျောက်ကျောက်ရောဂါဖြစ်ပွားတုန်းကတစ်ကြိမ် အလားတူကြေညာမှုမျိုးကို ပြုလုပ်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ အာဖရိကနိုင်ငံအများအပြားမှာ မျောက်ကျောက်ရောဂါဖြစ်ပွားမှုတွေ ပိုမိုများပြားလာတာကို တွေ့မြင်နေရပါတယ်။ ကြောက်မက်ဖွယ်ဒီဗိုင်းရပ်စ်ဟာ နယ်စပ်ဖြတ်ကျော် ကူးစက်မှုတွေရှိလာပြီး တစ်ကမ္ဘာလုံးဆိုင်ရာရောဂါဖြစ်ပွားမှုအတွက် စိုးရိမ်ရတဲ့အခြေအနေဖြစ်ပေါ်နေပါပြီ။

### တွန်းအားပေးလိုက်ခြင်းဖြစ်


မျောက်ကျောက်ရောဂါဟာ ဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားတဲ့ ကူးစက်တဲ့ ရောဂါတစ်မျိုးဖြစ်ပြီး ဖျားခြင်း၊ ချမ်းတုန်ခြင်းနဲ့ ကြွက်သားတွေ နာကျင်ကိုက်ခဲခြင်းတို့ဟာ သူ့ရဲ့ရောဂါလက္ခဏာတွေပဲဖြစ်ပါတယ်။ ဒ့ါအပြင် အရည်တွေပြည့်နေတဲ့ အရည်ကြည်ဖုတွေ ထွက်ပေါ်လာခြင်းတို့ဟာလည်း မျောက်ကျောက်ရဲ့ ရောဂါလက္ခဏာတွေပဲဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ရဲ့ အရေးပေါ်အခြေအနေအဖြစ် ကြေညာခြင်းဟာ အလှူရှင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံတွေကို အရေးတယူပြုမှုတွေလုပ်ဆောင်လာဖို့ နှိုးဆော်တိုက်တွန်းခြင်းပဲဖြစ်ပါတယ်။ အဲဒီလိုကြေညာလိုက်ခြင်းအားဖြင့် ရောဂါစမ်းသပ်ပေးမှုတွေ၊ ကာကွယ်ဆေးနဲ့ ကုသရေးဆေးဝါးတွေကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ဖို့ တွန်းအားပေးလိုက်ခြင်းပဲဖြစ်ပါတယ်။

### ရောဂါကူးစက်လာ

အခုဆိုရင် အာဖရိကမှာရှိတဲ့ နိုင်ငံပေါင်း ၁၄ နိုင်ငံမှာ မျောက်ကျောက်ရောဂါကူးစက်မှုတွေ ဖြစ်ပွားနေပါတယ်။ ရောဂါကူးစက်မှုနှုန်းမြင့်မားတယ်လို့ သတ်မှတ်ခံထားရပါတယ်။ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံမှာ မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုနှုန်းဟာ မြင့်မားနေပြီး ကူးစက်ခံရသူပေါင်း ၁၄၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၅၂၄ ဦးရှိပါတယ်။ ကွန်ဂိုမှာ မျောက်ကျောက်ရောဂါဖြစ်ပွားမှုဟာအထူးအဆန်းတော့မဟုတ်ပါဘူး။ ဒါပေမယ့် အခုနှစ်အတွင်း ရောဂါဖြစ်ပွားမှုဟာ ၂၀၂၃ ခုနှစ်တစ်နှစ်လုံးစာနဲ့ ညီမျှနေပါတယ်။ နောက်ပြီးတော့ အရင်တုန်းက ရောဂါဖြစ်ပွားခဲ့ခြင်းမရှိတဲ့ ပြည်နယ်တွေမှာပါ ရောဂါကူးစက်လာတာကို တွေ့မြင်ရတယ်။

### ကလေးတွေမှာဖြစ်ပွား

၂၀၂၂ ခုနှစ်တုန်းက ဖြစ်ပွားခဲ့မျောက်ကျောက်ရောဂါကတော့ လိင်တူချစ်သူတွေမှာ အဓိကကူးစက်တာကို တွေ့ရပါတယ်။ အာဖရိကမှာ အလားတူပုံစံမျိုးကို တွေ့ရှိရသော်လည်း အခုအခါ ကွန်ဂိုနိုင်ငံမှာ ၁၅ နှစ်အောက် ကလေးငယ် ၇၀ ရာခိုင်နှုန်းဟာ မျောက်ကျောက်ရောဂါဖြစ်ပွားတာကိုတွေ့ရှိရပြီး သေဆုံးမှု ၈၅ ရာခိုင်နှုန်းအထိရှိပါတယ်။ အာဟာရချို့တဲ့မှုနှုန်း မြင့်မားခြင်းကြောင့် ကလေးငယ်တွေမှာ ခုခံအားနည်းပြီး ကူးစက်မှုနှုန်းမြင့်မားတာဖြစ်တယ်လို့ ကျွမ်းကျင်သူတွေကပြောပါတယ်။ ဒေသတွင်း သက်ကြီးရွယ်အိုတွေဟာ ရေကျောက်ကာကွယ်ဆေးထိုးထားတဲ့အတွက် ကာကွယ်မှုအချို့ရရှိနေတာဖြစ်ပြီး လူငယ်တွေအတွက်ကတော့ အဲဒီလိုမဟုတ်ပါဘူး။






ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ ဂိုမာမြို့၌ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် ကျန်းမာရေးဝန်ထမ်းများက ပညာသင်ကြားနေသော ကလေးငယ်များအား မျောက်ကျောက်ရောဂါဖြစ်ပွားပုံ အဆင့်ဆင့်ကို ပြောကြားနေစဉ်။

**❊ မျောက်ကျောက်ရောဂါဟာ ဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားတဲ့ ကူးစက်တဲ့ ရောဂါတစ်မျိုးဖြစ်ပြီး ဖျားခြင်း၊ ချမ်းတုန်ခြင်းနဲ့ ကြွက်သားတွေ နာကျင်ကိုက်ခဲခြင်းတို့ဟာ သူ့ရဲ့ရောဂါလက္ခဏာတွေပဲဖြစ်ပါတယ်။ ဒ့ါအပြင် အရည်တွေပြည့်နေတဲ့ အရည်ကြည်ဖုတွေ ထွက်ပေါ်လာခြင်းတို့ဟာလည်း မျောက်ကျောက်ရဲ့ ရောဂါလက္ခဏာတွေပဲဖြစ်ပါတယ်**

**❊ ကုသမှုနဲ့ ရောဂါရှာဖွေမှုအားနည်းတာဟာလည်း တုံ့ပြန်မှုကိုအဟန့်အတားဖြစ်စေပါတယ်။ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်တွေအတွက် ပြန်လည်သုံးသပ်ဆဲဖြစ်သော်လည်း ရောဂါကူးစက်ခံရသူတွေနဲ့ ထိတွေ့မှုရှိသူတွေကို ခြေရာခံခြင်း၊ HIV ရှိသူတွေ၊ ရောဂါကူးစက်ဖို့လွယ်သူတွေကို ခြေရာခံခြင်းတို့ ပြုလုပ်သွားဖွယ်ရှိပါတယ်**

### ကာကွယ်ဆေးလက်လှမ်းမမီ

အရှေ့ပိုင်းမှာရှိတဲ့ လူသူထူထပ်သော ဒုက္ခသည်စခန်းတွေမှာ မျောက်ကျောက်ရောဂါ ပျံ့နှံ့မှုတွေအတွက် စိုးရိမ်နေရတယ်လို့ Save the Children မှ ကွန်ဂိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးဂရက်ရမ်က ပြောပါတယ်။ မျောက်ကျောက်ရောဂါအတွက် ကာကွယ်ဆေးတွေကတော့ရှိပါတယ်။ ဒါပေမယ့် ပြဿနာကတော့ လက်လှမ်းမမီတာပါဘဲ။ အာဖရိကအတွက် ကာကွယ်ဆေးအလုံးရေ ၁၀ သန်း လိုအပ်ပေမယ့် ၂၀၀၀၀၀ သာ ရရှိနိုင်သေးတယ်လို့ အာဖရိက စီဒီစီက ပြောပါတယ်။

### အဟန့်အတားဖြစ်စေ

ကုသမှုနဲ့ ရောဂါရှာဖွေမှုအားနည်းတာဟာလည်း တုံ့ပြန်မှုကို အဟန့်အတားဖြစ်စေပါတယ်။ ကာကွယ်ဆေးထိုးခြင်း အစီအစဉ်တွေအတွက် ပြန်လည်သုံးသပ်ဆဲဖြစ်သော်လည်း ရောဂါကူးစက် ခံရသူတွေနဲ့ထိတွေ့မှုရှိသူတွေကို ခြေရာခံခြင်း၊ HIV ရှိသူတွေ၊ ရောဂါကူးစက်ဖို့လွယ်သူတွေကို ခြေရာခံခြင်းတို့ ပြုလုပ်သွားဖွယ်ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ ဂါဗီနဲ့ယူနီဆက်ဖ်ကဲ့သို့ အဖွဲ့အစည်းတွေမှာ ဖြန့်ဖြူးပေးဖို့ ကာကွယ်ဆေးနှစ်မျိုးကို အရေးပေါ်အခြေအနေဆိုင်ရာသုံးစွဲမှုအတွက် စာရင်းတင်ခဲ့ပါတယ်။

### ခရီးသွားမှုဆိုင်ရာ ကန့်သတ်မှုမလုပ်ဖို့ တောင်းဆို

မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားနေတဲ့ နိုင်ငံတွေအပေါ် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုတွေ မလုပ်ကြဖို့ အာဖရိကကျန်းမာရေးအရာရှိတွေက တောင်းဆိုခဲ့ကြပါတယ်။ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုတွေပြုလုပ်မယ့်အစား ရောဂါစစ်ဆေးပေးမှုတွေနဲ့ ကာကွယ်ဆေးပေးခြင်းလုပ်ငန်းတွေပြုလုပ်ပြီး အာဖရိကကို ထောက်ပံ့ပေးကြဖို့ တောင်းဆိုခဲ့ပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မျောက်ကျောက်ရောဂါကူးစက်မှု ၁၄၀၀ ကျော် တွေ့ရှိခဲ့ရပြီး သေဆုံးသူ ၂၄ ဦး ရှိခဲ့ပါတယ်။ အဲဒီကူးစက်မှုတွေဟာ မျိုးကွဲဗိုင်းရပ်စ်ကြောင့်ဖြစ်တယ်လို့ အာဖရိက ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာက ပြောပါတယ်။

အာဖရိကကို အပြစ်မတင်ပါနဲ့လို့ အာဖရိကရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာမှ အကြီးအကဲဖြစ်သူ ဂျင်းကက်ဆီရာက ပြောပါတယ်။ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုတွေပြုလုပ်သွားမယ်လို့ ဟိုနေရာဒီနေရာကနေ ကြားနေရပါတယ်။ အခုအချိန်မှာ လိုအပ်နေတာက စည်းလုံးညီညွတ်မှုနဲ့ ပံ့ပိုးကူညီမှုတွေပါပဲ။ ကာကွယ်ဆေးဟာ ဈေးကြီးပါတယ်လို့ သူကဆက်ပြောပါတယ်။

### အသိပညာပေးမှုတွေလိုအပ်

ရောဂါကူးစက်မှုနဲ့ပတ်သက်ပြီး အသိပညာပေးမှုတွေ ပြုလုပ်ဖို့ ပိုပြီးလိုအပ်လာပါတယ်။ အထူးသဖြင့် ဒီမျောက်ကျောက်ရောဂါဟာ လိင်မှုကိစ္စကနေတစ်ဆင့် ကူးစက်တယ်လို့ အများကယုံကြည်ထားကြပါတယ်။ ဒါပေမယ့်လည်း ဒီရောဂါဟာ ရောဂါရှိတဲ့သူနဲ့ အနီးကပ်ထိတွေ့မှုကနေလည်း ကူးစက်ပါတယ်လို့ အာဖရိကရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာက ပြောပါတယ်။ ၂၀၂၂ ခုနှစ်ကလည်း မျောက်ကျောက်ရောဂါဟာ ဥရောပကနေတစ်ဆင့် တစ်ကမ္ဘာလုံးကို ကူးစက်ပျံ့နှံ့ခဲ့ပြီး အထူးသဖြင့် အမျိုးသားချင်း ချစ်ခင်စုံမက်တဲ့ အသိုင်းအဝိုင်းကြားမှာ သက်ရောက်မှု ကြီးမားခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ ၂၀၂၂ ခုနှစ် ဇူလိုင်လမှာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့ပြီး ရောဂါရှိသူတွေနဲ့ ထိတွေ့မှုရှိသူတွေကို ခြေရာခံလိုက်ခြင်း၊ အစုလိုက် ကာကွယ်ဆေးထိုးပေးခြင်းတွေ လုပ်ဆောင်ပေးခဲ့ပါတယ်။ ကူးစက်ခံရသူ ၉၀၀၀၀ ခန့်ရှိပြီး အဲဒီနောက် ၂၀၂၃ ခုနှစ် မေလမှာ အရေးပေါ်အခြေအနေကို ရုပ်သိမ်းခဲ့ပါတယ်။ ။

ကိုးကား - သည်ဂါဒီယန်း

# တောင်သူပညာပေးလုပ်ငန်းတစ်ရပ်အဖြစ် စံပြကွက်များ ထူထောင်ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် စိုက်ပျိုးရေး ဦးစီးဌာန ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ဆီထွက်သီးနှံ အထူးဇုန် တာဝန်ခံများနှင့် ဝါစီမံကိန်းတာဝန်ခံများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနား မျိုးစေ့ဌာနခွဲဝင်းအတွင်း၌ စမ်းသပ်စိုက်ပျိုးထားသည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံများ၏ အောင်မြင်ဖြစ်ထွန်းမှု စိုက်ကွက်များကို ကွင်းဆင်း ကြည့်ရှုကြသည်။ **(ယာပုံ)**



ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဒေသခံတောင်သူများကို အသုံးပြုစေလိုသည့် သီးနှံမျိုးနှင့် လိုက်နာကျင့်သုံးစေလိုသည့် စိုက်ပျိုးနည်းစနစ်များဖြင့် စံပြကွက်များ ကိုယ်တိုင်ကိုယ်ကျ ကြီးကြပ်ဆောင်ရွက်ပေးပြီး ဖြစ်ထွန်းအောင်မြင်မှုကို တောင်သူများ မျက်မြင်လေ့လာ၍ လက်တွေ့လိုက်ပါလုပ်ဆောင်လာစေရေး စည်းရုံးဆောင်ရွက်ခြင်းကို တိုင်းဒေသကြီး ပြည်နယ်အသီးသီး၌ တောင်သူပညာပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးအတွက် စီမံခန့်ခွဲနိုင်မှု အားသာချက်ရှိသောပေါင်(ဘောင်)ကြီးတင်စနစ်ကို ရှေးယခင်ကပင် တောင်သူများအသုံးပြုခဲ့ပြီး အချို့ဒေသများတွင် မဖြစ်မနေသုံးစွဲရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ နေကြာနှင့်ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရာတွင် တောင်သူများ၏ လက်ရှိအသုံးပြုနေသော သီးနှံများကို မျိုးရွေးချယ်မြှင့်တင်သန့်စင်ပေးခြင်း၊ သီးနှံမျိုးအလိုက် လိုအပ်သော သွင်းအားစုအမျိုးအစား အချိုးအဆကို ထောက်ခံချက်ပေးခြင်းနှင့် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသအလိုက် သီးနှံမျိုးကွဲ မျိုးများ အမည်အမျိုးမျိုးဖြင့် အသုံးပြုနေမှုကို တညီတညွတ်တည်းဖြစ်စေရေး ကြပ်မတ်ရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် ဆီထွက်သီးနှံ နေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာသီရိကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သံဃာတော် ၃၃ ပါးတို့အား ခွဲစိတ်ကုမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ခေမာသီရိကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ပေါင်မြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ပေါင် ဩဂုတ် ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပေါင်မြို့နယ်ရှိ ဝဲပတန်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက ပန်းခင်းစီမံချက်အဆင့် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းဇော်၏ဦးဆောင်မှုဖြင့် ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့်(၁၈)နှစ်ကြား ၄၁ ဦး၊ အသက် (၁၈)အထက် ၂၂ ဦး စုစုပေါင်းဒေသခံ ၆၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးသည် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများသို့ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ ပင်ထောင်၊ ပင်ပြန့် မိုးလယ်မြေပဲ စတင်စိုက်ပျိုး

**ညောင်ဦး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မိုးလယ်မိုးဖြင့် ကျေးလက်တောင်သူများ မိုးလယ်ပင်ထောင်၊ ပင်ပြန့်မြေပဲများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း ကျေးလက်တောင်သူများထံက သိရသည်။

ညောင်ဦးမြို့နယ်၌ ကျေးလက်နေတောင်သူများသည် မိုးရာသီတစ်ရာသီသာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရသည့် ဒေသဖြစ်သောကြောင့် မိုးဦးမြေပဲ၊ မိုးလယ်မြေပဲနှင့် မိုးနှောင်းမြေပဲတို့ကို ဦးစားပေး စိုက်ပျိုးကြခြင်းဖြစ်သည်။

မိုးဦးမိုးရွာသွန်းမှု နည်းခြင်းကြောင့် ကျေးလက်တောင်သူများ မိုးနှမ်းရရှိမှု နည်းပါးခဲ့ပြီး မိုးလယ်မိုးရွာသွန်းမှုကောင်းခြင်းကြောင့် ပင်ထောင်မြေပဲနှင့် ပင်ပြန့်မြေပဲများ စိုက်ပျိုးနေကြခြင်းဖြစ်သည်။ ယမန်နှစ်များက ဇူလိုင် ၁၉ ရက်ဝန်းကျင် စတင်စိုက်ပျိုးကြပြီး ယခုနှစ်တွင်မူ ဩဂုတ်လအတွင်းမှသာ စတင်စိုက်ပျိုးနိုင်ခြင်းဖြစ်သည်။

"ဒီရက်ပိုင်း မိုးရွာတော့ ကဆုန်လဆန်းက စိုက်တဲ့ မြေပဲပင်တွေ အပင်သန်ပြီး အပွင့်အားကောင်းနိုင်လို့ လာမယ့်မြေပဲသိမ်းချိန်အထွက်နှုန်းကောင်းမယ်လို့ မျှော်လင့်ရတယ်" ဟု တောင်သူတစ်ဦးက ပြောကြားသည်။

**ဒီပါလင်း**

# နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ်၌ တိုက်ခန်းအတွင်း ဝင်ရောက်၍ ငွေများခိုးယူသူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၂၂**

ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် CL-2 တိုက်(၁၀) အခန်း(၁၄)နေ ဒေါ်ဝင်းဝင်းမော် (၅၃) နှစ်သည် ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ရုံးမှ နေအိမ်တိုက်ခန်းသို့ ပြန်လည်ရောက်ရှိစဉ် အိပ်ခန်းရှိ ဗီရိုအတွင်း ထားရှိသော ငွေကျပ်ရောရာ ၄၈၅၈၀၀၀၀ အနက် ငွေကျပ် ၈၀၀၀၀ ကိုသာ တွေ့ရှိရပြီး ငွေကျပ် ၄၈၅ သိန်းမှာ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် တိုင်တန်းချက်အရ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) နယ်မြေရဲစခန်း(ပ)၃၈/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်စုံစမ်းခဲ့သည်။



နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ်၌ တိုက်ခန်းအတွင်း ဝင်ရောက်၍ ငွေများခိုးယူသူနှစ်ဦးအား ဖမ်းဆီးရမိမှု။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် အခင်းဖြစ်ရပ်မှတ်တမ်းများ စစ်ဆေးခြင်း၊ ၎င်းတိုက်တွင် ဧည့်စိမ်းရောက်ရှိနေထိုင်မှု ရှိ/ မရှိတို့ကို စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ CL-2 တိုက်(၁၀) အခန်း(၀၄)နေ စန်းစန်းမော် (၃၈) နှစ်၏ နေအိမ်တိုက်ခန်းတွင် အစ်ကိုဝမ်းကွဲဖြစ်သူ တင်ထွေး(၄၀)နှစ် ရောက်ရှိနေထိုင်လျက်ရှိကြောင်း သိရှိရ၍ စန်းစန်းမော်နှင့် တင်ထွေးတို့ကို ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ စန်းစန်းမော်သည် အစ်ကိုဝမ်းကွဲဖြစ်သူ တင်ထွေးအား အခန်း (၁၄) နေ ဒေါ်ဝင်းဝင်းမော်၏ တိုက်ခန်းအတွင်း ငွေများဝင်ရောက်ခိုးယူရန် စေခိုင်းသဖြင့် ဩဂုတ် ၁၉ ရက်နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အဆိုပါ တိုက်ခန်းအတွင်း လူမရှိချိန်၌ အခန်းတံခါးသော့ဖျက်ဝင်ရောက်ကာ ငွေကျပ် ၄၈၅ သိန်းခိုးယူခဲ့ပြီး စန်းစန်းမော်နှင့်အတူ CL-4 တိုက် နောက်ကျောဘက်ရှိ ချုံထဲတွင် ကြွပ်ကြွပ်အိတ်အစိမ်းရောင်ဖြင့် ထုပ်၍ ဝှက်ထားကြောင်း သိရှိရ၍ သက်သေခံပစ္စည်းများအား သက်သေများနှင့်အတူ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်တွင် တိုက်ခန်းအတွင်း ဝင်ရောက်၍ ငွေများခိုးယူသူ တရားခံ တင်ထွေးနှင့် စန်းစန်းမော်တို့နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

မဟာယူနိုက်တက်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး မြဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၁ ပွဲကစား ၂၃ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၁၇ မှတ်၊ သစ္စာအားမာန်အသင်းက ၁၁ ပွဲကစား ၁၄ မှတ်၊ ရတနာပုံအသင်းက ၁၁ ပွဲကစား ၁၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၁၀ မှတ်၊ မြဝတီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းက ၁၁ ပွဲကစား ခြောက်မှတ်စီ၊ မဟာယူနိုက်တက်အသင်းက ၁၁ ပွဲကစား ငါးမှတ် ရရှိထားသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ပြည်သူကျေးလက် ယူနီဆက်ဖ် ဝမ်းမြောက်ပျော်ရွှင် ဖားကူးတစ်ခွင်

**တိမ်ညိုများ အုပ်မိုင်းပြီး အနောက်တောင်ဘက်မှ မိုးခြိမ်းသံများနှင့်အတူ လျှပ်စီးများ လက်ကာ မိုးများရွာသွန်းနေသဖြင့် နွေကာလက ပူပြင်းခဲ့သော အပူချိန်မှာ လျော့နည်းသွားပြီး အေးမြသောအထိအတွေ့ကို ခံစားရကာ အရပ်ရှစ်မျက်နှာ၌ စိမ်းစိုလန်းဆန်းလျက်ရှိနေပါသည်။ နွေရာသီကာလပူပြင်းခြောက်သွေ့ပြီး အချို့သော ကျေးလက်ဒေသများတွင် ရေရှားပါးမှုကို ခံစားခဲ့ရပြီး မိုးတွင်းကာလတွင် ရေတွင်း၊ ရေကန်များ၌ ရေများသိုလှောင်နိုင်သောကြောင့် ရေရှားပါးမှုကို အထောက်အကူပြုသော ကာလတစ်ခုဖြစ်ရာ စာရေးသူတာဝန်ထမ်းဆောင်ခဲ့သော “ရွှေကိုမလို ရေကိုလိုသော ကျေးရွာကလေး”အဖြစ် တင်စားခေါ်ဝေါ်ခဲ့သော သန်လျင်မြို့နယ် ဖားကူးအရှေ့ကျေးရွာလေး၏ နွေရာသီရေရှားပါးမှု ဆောင်ရွက်ခဲ့သည်များကို အတွေးပုံရိပ်ဝယ် တရေးရေးမြင်ယောင်လာမိပါသည်။**

ဖိုးချို(ရန်ကုန်ကျေးလက်)

### ဘားကူး(သို့မဟုတ်)ဖားကူး

သန်လျင်မြို့နယ် ဖားကူးအရှေ့ကျေးရွာသည် ရန်ကုန်မြစ်တစ်ဖက်ကမ်း ပဲခူးမြစ်နှင့် ရန်ကုန်မြစ်ဆုံရာ ပဲခူးမြစ်၏ တောင်ဘက်ကမ်းပေါ်တွင် တည်ရှိပြီး ရန်ကုန်မြစ်နှင့် ပုဇွန်တောင် မြစ်တို့ဆုံရာ မြစ်ဝမှ သုံးမိုင်အကွာ ရန်ကုန်မြို့နှင့် ခြောက်မိုင်အကွာတွင် တည်ရှိသော ကျေးရွာလေးဖြစ်ပါသည်။ ဖားကူးအရှေ့ကျေးရွာလေးသည် ယခင်က ဟံသာဝတီခရိုင် မွန်လူမျိုးများ နေထိုင်သည့်အတွက် မွန်ရိုးရာအခေါ်အဝေါ် ဘားကူးမှ ယခုဗမာများ နေထိုင်လာသည့်အခါ အခေါ်အဝေါ်ပြောင်း၍ ဖားကူးကျေးရွာဖြစ်လာရခြင်းဖြစ်ပြီး အိမ်ခြေ ၁၁၉၆၊ အိမ်ထောင်စု ၁၂၁၁၊ လူဦးရေ ၄၃၇၄ ဦး ရှိသော ကျေးရွာဖြစ်ပါသည်။ ယခင်ကမြို့နှင့် အလှမ်းကွာဝေးပြီး တိုးတက်မှုနှောင့်နှေးခဲ့သော ကျေးရွာဖြစ်ကာ ရန်ကုန်မြို့မှ ကျေးရွာသို့ကုန်းလမ်းခရီး မကောင်းမွန်သောကြောင့် ရေကြောင်းခရီးတစ်ခုတည်းဖြင့် သွားလာခဲ့ရသော ကျေးရွာလေးဖြစ်ပါသည်။

### ကျေးရွာဖွံ့ဖြိုးမှုအခြေအနေ

ဖားကူးအရှေ့ကျေးရွာသည် စီးပွားရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ ပရိဘောဂလုပ်ငန်း၊ ရေလုပ်ငန်း၊ သဲစုပ်ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ယခုအချိန်တွင် စီးပွားရေးအသင့်အတင့်ရှိကာ ဖွံ့ဖြိုးနေသော ကျေးရွာဖြစ်ပါသည်။

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်အကောင်အထည်ဖော်မှု

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ အတိုးရငွေကျပ် ၅၄ ဒသမ ၅၆၄ သန်းရရှိခဲ့ပြီး အဆိုပါအတိုးရငွေအနက်မှ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်းလမ်းလေးလမ်းကို ငွေကျပ် ၂၈ ဒသမ ၉၉၉၃ သန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူ့ထည့်ဝင်ငွေ ၇ ဒသမ ၆၈ သန်းတို့ဖြင့် ကျေးရွာရှိ ဇေတိကလမ်းအရှည် ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### ဦးစီးဌာန၏ အဓိကလုပ်ငန်းစဉ်

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၆)ပါ ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ယူနီဆက်ဖ်တို့နှင့်ပူးပေါင်း၍ ရေးဆွဲထားခဲ့ပြီးဖြစ်ပါသည်။



ဖားကူးကျေးရွာ ရေသန့်စင်စနစ်ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

### ကျေးရွာ၏ ယခင်ရေရှားပါးမှုအခြေအနေ

ဖားကူးကျေးရွာတွင် မြေသားရေကန် စုစုပေါင်း ရှစ်ကန်ရှိသော်လည်း နွေရာသီတွင် မြေသားရေကန်ခြောက်ကန်မှာ ရေလုံးဝခန်းခြောက်ပြီး စိမ့်စမ်းအနည်းငယ်ထွက်သော ရေကန် နှစ်ကန်ထဲတွင် လက်ယက်တွင်းအဖြစ် တူးဖော်ပြီး ရေရှားပါးသောအခက်အခဲကို ဖြေရှင်းခဲ့ရပါသည်။ နွေရာသီကာလ၌ ရေရှားပါးပြီး အခက်အခဲရှိသည့်အပြင် လေးဂါလန်ဆံ့ ရေပုံး ၁၀ ပုံးပါသော ရေစည်လှည်း တစ်လှည်းကို ခရီးနီးလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် လည်းကောင်း၊ ခရီးဝေးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း ဝယ်ယူသုံးစွဲခဲ့ရပါသည်။ ၎င်းအပြင် ရေထမ်းပိုး တစ်ပိုးလျှင် ခရီးနီးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် လည်းကောင်း၊ ခရီးဝေးလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် လည်းကောင်း ဝယ်ယူသုံးစွဲခဲ့ရပါသည်။

### ယခင်ရေပေးရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေ

ဖားကူးကျေးရွာ၌ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေမှ နှစ်လက်မအကျယ် စက်ရေတွင်းကို ပထမဆုံး ဖားကူးအရှေ့ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရဟန်းသံဃာတော်များနှင့် ကျေးရွာသူ ကျေးရွာသားများ သောက်သုံးရန် တူးဖော်ပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်မှစ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအရောက် ကွင်းဆင်း၍ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

၎င်းတို့၏ တင်ပြချက်များအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ယူနီဆက်ဖ်၊ လွှတ်တော်ရန်ပုံငွေဖြင့် လေးလက်မအကျယ် အနက်ပေ ၆၀၀ ရှိသော စက်ရေတွင်းတစ်တွင်း၊ ရေစက်ရုံ(၁) တစ်ခု၊ အမြင့်တင်ရေစင်တစ်ခု ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာနေပြည်သူထည့်ဝင်ငွေဖြင့် ဂါလန် ၄၀၀၀ ဆံ့ အုတ်ရေလှောင်ကန်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အိမ်တိုင်ရာရောက်ရေပေးရေးစနစ် ဆောင်ရွက်ခွင့်ရရှိချိန်တွင် ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ် အစီအစဉ်ဖြင့် ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည့်အတွက် ကျေးရွာသို့ ချပြရှင်းလင်းဆွေးနွေးခဲ့ပါသည်။

### ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ်အစီအစဉ်

ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ်အစီစဉ်ဖြင့် အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်းတစ်ခု ဆောင်ရွက်ရာတွင် ယူနီဆက်ဖ်မှ လိုအပ်သည့် ရေပိုက်များ၊ ရေစုပ်ပန့်များ ထောက်ပံ့ခြင်း၊ ကျေးရွာပြည်သူများမှ ရေပိုက်လိုင်းများတူးဖော်ခြင်း၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ၊ ရေမီတာများ ထည့်ဝင်ခြင်းနှင့် လိုအပ်ပါက ရေစင်များတည်ဆောက်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပိုက်လိုင်းများသွယ်တန်းနိုင်ရေး ကွင်းဆင်းတိုင်းတာခြင်း၊ လိုအပ်သည့်နည်းပညာများပေးခြင်းနှင့် လိုအပ်ပါက စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရသည့် စနစ်ဖြစ်ပြီး ပြည်သူများကိုယ်တိုင် လိုအပ်သည့်ငွေကြေးများ ထည့်ဝင်ရခြင်း၊ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရခြင်းတို့ကြောင့် မိမိကိုယ်ပိုင်ပစ္စည်းကဲ့သို့ ထိန်းသိမ်းဆောင်ရွက်တတ်လာကာ Ownership စိတ်ဓာတ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်သည့် အစီအစဉ်တစ်ခုဖြစ်ပါသည်။

### အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်း

ကနဦးအနေဖြင့် ဖားကူးကျေးရွာ အိမ်တိုင်ရာရောက် ရေရရှိရေးအတွက် ရေပိုက်လိုင်းများ တူးဖော်ခြင်း၊ ရေမီတာအလုံး ၁၀၀ နှင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တစ်ခု တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကျေးရွာနေပြည်သူများက ကျခံ၍ လည်းကောင်း၊ လိုအပ်သည့်နည်းပညာနှင့် ခန့်မှန်းခြေတွက်ချက်မှုပါအတိုင်း ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများကို ဌာနမှကျခံ၍လည်းကောင်း၊ လိုအပ်သည့် ရေသွယ်ပိုက်များကို ယူနီဆက်ဖ်ဘက်မှ လည်းကောင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ အိမ်တိုင်ရာရောက်ရေရရှိရေး လုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လေးလက်မအကျယ် အနက်ပေ ၆၀၀ ရှိ စက်ရေတွင်း တစ်တွင်း၊ ရေစက်ရုံတစ်ခု၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တစ်ခု၊ အိမ်သွယ်ရေတိုင် ၉၀၀ သွယ်တန်းခြင်းတို့ကို ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ်အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ရေသန့်စင်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်ခဲ့ပြီးသော ရေပေးရေးလုပ်ငန်းများအနက် ကျေးရွာပေါင်း ၆၄ ရွာ၊ အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်း ၇၂ ခု ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

### အကျိုးကျေးဇူးရရှိမှု

ဖားကူးကျေးရွာ၌ အဆိုပါ အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော် လည်ပတ်နိုင်ရန်နှင့် ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းစရိတ်များနှင့် ကုန်ကျစရိတ်များ ကာမိစေရေးအတွက် ရေမီတာတစ်ယူနစ် (ဂါလန် ၂၂၀)လျှင် ငွေကျပ် ၂၀၀ နှုန်း ကောက်ခံပြီး တစ်လပျမ်းမျှဝင်ငွေကျပ် ၇၅၀၀၀၀ ခန့်ရရှိပါသည်။ အသုံးစရိတ်အနေဖြင့် လျှပ်စစ်မီတာခ၊ စက်သုံးဆီကုန်ကျစရိတ်၊ ရေပိုက်နှင့် စက်ပြင်ဆင်စရိတ်၊ စက်မောင်း လုပ်သားငှားရမ်းခ၊ တစ်လလျှင်စုစုပေါင်း ကုန်ကျငွေကျပ် ၁၅၀၀၀၀ ခန့် ကုန်ကျပြီး တစ်လပျမ်းမျှပိုလျှံငွေ ၅၀၀၀၀၀ ခန့် ရရှိပါသည်။

*စာမျက်နှာ ၁၇ သို့*

❖ **ဖားကူးအရှေ့ကျေးရွာသည် စီးပွားရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ ပရိဘောဂလုပ်ငန်း၊ ရေလုပ်ငန်း၊ သဲစုပ်ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ယခုအချိန်တွင် စီးပွားရေးအသင့်အတင့်ရှိကာ ဖွံ့ဖြိုးနေသောကျေးရွာဖြစ်**

❂ **ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၆)ပါ ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ယူနီဆက်ဖ်တို့နှင့်ပူးပေါင်း၍ ရေးဆွဲထား**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများအတွက် ကျေးရွာ(၅၁)ရွာသို့ ရန်ပုံငွေကျပ်သန်း ၉၉၀ လွှဲပြောင်းပေးအပ်

**ဘားအံ ဩဂုတ် ၂၂**

ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် ပြည်နယ်အတွင်းရှိ ကျေးရွာ ၅၁ ရွာသို့ ရန်ပုံငွေကျပ်သန်း ၉၉၀ ကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ လွှဲပြောင်းပေးအပ်သည်။

ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေလွှဲပြောင်း ပေးအပ်ခြင်းဖြစ်ပြီး လွှဲပြောင်းပေးအပ်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားပြီး ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်က စီမံကိန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ



အဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတွက် ဘားအံမြို့နယ်မှ ကျေးရွာလေးရွာနှင့် လှိုင်းဘွဲ့မြို့နယ် မှ ကျေးရွာနှစ်ရွာ စုစုပေါင်း ကျေးရွာခြောက်ရွာတို့တွင် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီကိုလည်းကောင်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း(RBF)စီမံကိန်းအတွက် ဘားအံမြို့နယ်မှ ကျေးရွာနှစ်ရွာနှင့် လှိုင်းဘွဲ့မြို့နယ်မှ ကျေးရွာတစ်ရွာ စုစုပေါင်းကျေးရွာသုံးရွာတို့တွင် တစ်ရွာလျှင် ငွေကျပ် သိန်း၃၀၀စီကိုလည်းကောင်း၊ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်း (VDP)စီမံကိန်းအား ဘားအံမြို့နယ်မှ ကျေးရွာ ၂၀၊ လှိုင်းဘွဲ့မြို့နယ်မှ ကျေးရွာ ၁၉ ရွာနှင့် သံတောင်ကြီးမြို့နယ်မှ ကျေးရွာတစ်ရွာ စုစုပေါင်း ကျေးရွာ ၄၀ တို့တွင် တစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ စီကိုလည်းကောင်း၊ ခေတ်မီစံပြကျေးရွာ ထူထောင် ခြင်းလုပ်ငန်း(SMART VILLAGE) စီမံကိန်းအား ဘားအံ မြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့တွင် ငွေကျပ်သိန်း ၆၀၀ စီကိုလည်းကောင်း စုစုပေါင်းငွေကျပ်သိန်းပေါင်း ၉၉၀၀ ကို ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ)

ယင်းနောက် စီမံကိန်းကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများကိုယ်စား စီမံကိန်းကော်မတီဝင် တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာ သော စီမံကိန်းကျေးရွာများမှ ကျေးရွာသူ ကျေးရွာသား များအား အားပေးစကားများ ပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မှတ်တမ်း ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြ ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရည်ထူးချွန်ဆုပေးအပ်

**ရန်ကုန် ဩဂုတ် ၂၂**

အင်းစိန်မြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်း ကျောင်း (၂၀၂၄-၂၀၂၅) ပညာသင် နှစ် မိဘဆရာအသင်း အစည်း အဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ ရောဝတီခန်းမ ၌ ကျင်းပသည်။

အခမ်းအနားတွင် မိဘဆရာ အသင်းဥက္ကဋ္ဌ ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီရီမြင့်က ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်ချက်များ ကို ရှင်းလင်းပြောကြားပြီး မိဘ ဆရာအသင်းနာယက၊ အင်းစိန် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဘိုကြည်က မိဘ ဆရာပူးပေါင်းသားသမီးပညာရေး ကောင်းဆိုသည့်အတိုင်း မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်း၍ ကျောင်းသူ ကျောင်းသားများ၏ ပညာရည် မြင့်မားတိုးတက်ရေး နှင့် ဗလငါးတန်ပြည့်ဝစေရေး တို့ကိုအမျိုးသားရေးတာဝန်အဖြစ် စုပေါင်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။



ထို့နောက် ပညာရေးဝန်ကြီး ဌာန အခြေခံပညာဦးစီးဌာန၏ (၂၀၂၃-၂၀၂၄) ပညာသင်နှစ်တွင် Grade-12 ဂုဏ်ထူးရှင်များ ဖြစ် ကြသည့် ငါးဘာသာ၊ သုံးဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များနှင့် Grade-9 တွင် A အဆင့် ဆုရရှိ သော ကျောင်းသူ ကျောင်းသား ၈၉ ဦးတို့ကို ကျောင်းအုပ် ဆရာမကြီးနှင့် မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုး တော်ဆောင်များနှင့် အတန်းလိုက် တာဝန်ခံ ဆရာ ဆရာမများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီ၌ စိန်လျှံဖြိုးရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**သာယာဝတီ ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီ မြို့နယ် စံရွေးတန်းရပ်ကွက်ရှိ စိန်လျှံဖြိုးရောင်းဝယ်ရေး သမ ဝါယမအသင်း၏ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက သုံးဆယ်မြို့ စံရွေး တန်းရပ်ကွက် သမဝါယမအသင်း ဆိုင်၌ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးတွင် သဘာ ပတိအဖြစ် သမဝါယမအသင်း ဥက္ကဋ္ဌ ဦးသိန်းမြင့်က ဆောင်ရွက် ပြီး ၂၀၂၃-၂၀၂၄ ခုနှစ် အသင်းအမှု ဆောင် အစီအရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို အသင်းအမှု ဆောင်တစ်ဦးက ဖတ်ကြား တင်သွင်းသည်။

ယင်းနောက် သာယာဝတီ မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေလင်းအောင်က သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများ ညွှန်ကြား ချက်များကို ရှင်းလင်းဆွေးနွေး ပြီး စိန်လျှံဖြိုးရောင်းဝယ်ရေး သမဝါယမအသင်း၏ အသင်းသူ အသင်းသားများအား ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ် အစုပေါ်အမြတ်ငွေ များ ထုတ်ပေးခဲ့ကြောင်း သိရ သည်။ **သန့်ဇော်(ပြန်/ဆက်)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

*စာမျက်နှာ ၁၆ မှ*

အဆိုပါ ပိုလျှံငွေများအနက်မှ ကျေးရွာသူ ကျေးရွာ သားများ၏ ဆုံးဖြတ်ချက်ဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော ကျေးရွာတွင်း ဇောတိကလမ်း အရှည်ပေ ၁၁၀၀ ၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မထု ကွန်ကရစ်ခင်းခြင်း၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ ၊ စာသင်ကျောင်း လမ်း ကွန်ကရစ်ခင်းခြင်း အရှည်ပေ ၁၂၆၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မထုခင်းခြင်း ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်း၊ ဖားကူး ချောင်းကူးတံတားအရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေ အတွက် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၁၀ ၊ မီးသင်္ဂြိုဟ်စက်တည်ဆောက်ခြင်းအတွက် ထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း လေးခုအတွက် စုစုပေါင်းငွေကျပ် ၁၆၅ သိန်း ထည့်ဝင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူမှုကူညီရေး အသင်းအဖွဲ့မှ ဆင်းရဲသောကျေးရွာသူ ကျေးရွာသား များ၏ နာရေးကိစ္စရပ်များကို အခမဲ့ကူညီပေးခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်း လုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၎င်းအပြင် ရေသန့်စင်စနစ်လုပ်ငန်းမှ ရဟန်း သံဃာတော်များနှင့် ဝါတွင်းကာလတွင် ဥပုသ်သည် များအတွက် ရေသန့်လှူဒါန်းခြင်းနှင့် ကျေးရွာသူ ကျေးရွာသားများအား အခမဲ့ဖြန့်ဝေပေးလျက်ရှိပါ သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် ထိရောက်အကျိုးရှိသော တန်းတူညီမျှမှုရှိသော ကုန်ကျစရိတ်ကျခံနိုင်သည့် ရေကောင်းရေသန့်ရရှိရေး တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများ ကို ဖော်ထုတ်ချမှတ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများအတွက် အချိန်ကုန် သက်သာခြင်းနှင့် လူပင်ပန်းသက်သာ၍ လူနေမှု အဆင့်အတန်းမြင့်မားလာပြီး လူမှုစီးပွားဘဝပိုမို တိုးတက်စေရေး အထောက်အကူဖြစ်စေပါသည်။

အချုပ်အားဖြင့်ဆိုရသော် ယခင်က **"ရွှေကိုမလို ရေကိုလိုသော ကျေးရွာကလေး"**အဖြစ် တင်စား ခေါ်ဝေါ်ခဲ့သည့် ဖားကူးကျေးရွာလေးမှာ ယခုအခါ



**ဖားကူးကျေးရွာ အိမ်တိုင်ရာရောက် ရေပေးရေးစနစ် ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။**

ပြည်သူ၊ ကျေးလက်၊ ယူနီဆက်ဖ်အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်သွယ်ရေတိုင်စနစ်မှ ကုန်ကျ စရိတ်သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း စသည့် အကျိုးကျေးဇူးများနှင့်အတူ သန့်ရှင်းသော သောက်သုံးရေများ အိမ်တိုင်ရာရောက်ရရှိနေပြီ ဖြစ်သောကြောင့် ကျေးရွာရှိ ကျေးရွာသူ ကျေးရွာ သားများ၏ ဝမ်းမြောက်ဝမ်းသာ ပီတိဖြာနေမှု များကို **"ပြည်သူကျေးလက်ယူနီဆက်ဖ် ဝမ်းမြောက် ပျော်ရွှင် ဖားကူးတစ်ခွင် "** ဆောင်းပါးဖြင့် ရေးသား ဖော်ပြလိုက်ရပါသည်။ ။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ Insulation Oil for Power Transformer များ ဝယ်ယူရန် တင်ဒါအမှတ် 48(T)/DPTSC(PSD)/2024–2025 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၅–၉–၂၀၂၄) ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web–Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇–၃၄၁၀၂၀၉၊ ၀၆၇–၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၃ )၊ မြေကွက်အမှတ်(၁၄၆)၊ မြေဧရိယာ(၀ဒသမ၀၆၂)ကေရှိမြေအား ဦးဝင်းသော်တာညွန့်မှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ ကွင်းအမှတ်(၁) အောင်သာကန်၊ မြေကွက်အမှတ်(၉၆)၊ ဧရိယာဧေ (၀.၀၅၄)ရှိ မြေကွက်မှာ ဦးတင့်အမည်ဖြင့် မြေပေးမိန့် Lease No/၁၉၆၃/၆၄/၁၂၄/၁၉၅၉– ၆၀ ဖြင့် (၁၅)နှစ်ဂရန်ရရှိထားသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ဦးတင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးရန်နိုင်ထွန်း– ဒေါ်ဝေဝေနုတို့မှ (၂–၅–၁၉၉၈) ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သည့် ဦးရန်နိုင်ထွန်း–ဒေါ်ဝေဝေနုတို့အနေဖြင့် အဆိုပါမြေကွက်ကို ဂရန်အမည်ပေါက် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်လိုသူမရှိပါက ဂရန်လျှောက်ထားမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိန်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၄၈၈၈)**
**ငါးကြင်းလမ်း၊ အမှတ် (၁၂)ရပ်ကွက်၊ ပခုက္ကူမြို့၊**
**ဖုန်း–၀၉–၉၇၄၅၈၁၁၀၆**

## အများသိစေရန် ကြေညာခြင်း

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ စံပြရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၀၆၉–ခ၊ ကျောက်ပန်းတောင်းတောင်)၊ ဦးပိုင်အမှတ်(၁၁)၊ မြေကွက်အမှတ် (၂၃၃/၇၉၆၊ ၂၀၄/၇၉၇)၊ မြေဧရိယာ(၀.၄၇၄)ကေအား ဒေါ်သိုက်အမည်ဖြင့် မြင်းခြံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ အမှုတွဲအမှတ် ၁၄၉/ V / ၂၀၀၀–၂၀၀၁ ဖြင့် (၂၄–၁၁–၂၀၀၀)မှ (၂၃–၁၁–၂၀၃၀)အထိ နှစ်ရှည်နှစ် (၃၀) မြေငှားဂရန် ခွင့်ပြုချထားပေးခဲ့ပါသည်။ ဒေါ်သိုက်အမည်မှ ဒေါ်အေးမြင့်ကြူ ၉/ ကပတ(နိုင်)၀၇၁၄၅၈ အမည်သို့ မြေငှားဂရန် (အမည်ပြောင်း) ခွင့်ပြုချထားပေးနိုင်ပါရန် သေဆုံးကြောင်း ထောက်ခံချက်၊ ကျမ်းကျိန်ဆိုချက်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွတ်ဟကြေညာစာချုပ်(မိတ္တူ)၊ မြေငှားဂရန်စာချုပ် (မူရင်း)တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သက်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၂၇၊ မြေကွက်တည်နေရာအမှတ် ၂၂၇၊ သီရိနန္ဒာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ဦးကြည်လွင်) NBN–147602 အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြည်လွင်၊ ဦးတင်ဝင်းတို့အား တရားပြိုင်ထား၍ တရားလို ဦးတင်ဦး၊ ဦးဌေးဝင်းတို့မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော သဃ်န်းကျွန်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၂၆၈/၂၀၂၃၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် ၇၂/၂၀၂၄၏ အမိန့်တို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်မေသူအောင် ၁၂/မဂတ(နိုင်)၁၀၇၃၅၁ မှ သဃ်န်းကျွန်းခရိုင်တရားရုံး၏ (၂–၇–၂၀၂၄)ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ စစ်ကိုင်းပညာရေး တက္ကသိုလ်နှင့်ရန်ကုန် ပညာရေးတက္ကသိုလ်များ၏ ၂၀၂၅ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ ဈေးနှုန်းလွှာ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်–

(က) ပို့ချချက်စာအုပ်များအတွက် လိုအပ်သောပစ္စည်းများ

(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များအတွက် လိုအပ်သောပစ္စည်းများ

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို (၂၃–၈–၂၀၂၄)(သောကြာနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/– (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃)

အင်ဂျင်နီယာနှင့် ပစ္စည်းဌာနခွဲ

၃။ ဈေးနှုန်းလွှာများကို (၅–၉–၂၀၂၄)(ကြာသပတေးနေ့) ညနေ ၄:၀၀ နာရီထက် နောက်မကျစေဘဲ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အင်ဂျင်နီယာနှင့် ပစ္စည်းဌာနခွဲ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇–၃၄၀၇၇၂၆ နှင့် ၀၆၇–၃၄၀၇၇၂၇ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပညာရေးဝန်ကြီးဌာန**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မိုးကောင်းမြို့နယ်၊ အထက (မန်ရှက်) Grade–12 မှ မခင်ပြည့်ပြည့်နှင်း၏ ဖခင်အမည်မှန်မှာ ဦးဘိမ်ဗဟာဒူး ၁/မကတ(နိုင်)၀၅၆၂၆၈နှင့် မွေးသက္ကရာဇ်အမှန်မှာ ၉–၁၁–၂၀၀၆ ဖြစ်ပါကြောင်း။

**ဦးဘိမ်ဗဟာဒူး**

## ဖခင်အမည်မှန်

ရွှေတောင်မြို့၊ အထက (ရွှေတောင်) ကျောင်း Grade–10 (B)မှ မဆုရတီလင်း၏ ဖခင်အမည်မှန်မှာ ဦးချမ်းမင်း စိုး ၇/ရတန(နိုင်)၀၉၁၉၇၀ ဖြစ်ပါကြောင်း။

## အမည်မှန်

မြောင်းမြမြို့၊ အထက (၆) G–4 အတန်း၌ ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးဟိန်း၏ အမည်မှန်မှာ မောင်အောင်ပြည့်ဖြိုးဟိန်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၁၄/မမန(နိုင်)၂၈၄၀၄၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်မေသက်ဦး ၁၂/ဗတထ(နိုင်)၀၂၆၇၀၄ ကိုင်ဆောင်သူ မိခင်အမည်မှာ အဂ္ဂလာဘေကင်နှင့် အန်ဂျလာဘေကွန်း အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (RAIII/ကွက်ပြင်–၃)၊ ဦးပိုင်အမှတ်(၇၅–က/ည)၊ မြေဧရိယာ(၀ဒသမ၁၀)ကေရှိ မြေအကျိုးခံစားခွင့်များကို ဒေါ်သီတာမြင့် ၉/ပသက(နိုင်) ၀၉၁၀၇၇က အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင် ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –(ရလပ (မ)– ၂၆)၊ မြေကွက်အမှတ်– (၅၈)၊ အကျယ်အဝန်း–(၂၀ x ၆၀) ပေရှိ (ယခုအခေါ် အမှတ် (၅၈) (ခေါင်းရင်းခြမ်း)၊ ရွှေပဒေသာ (၂)လမ်း ရွှေလင်ပန်း ၂၆–ရပ်ကွက်၊ လှိုင်သာယာမြို့နယ်) ဟုခေါ်တွင်သော ဒေါ်ငွေရှိန် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ၊ (၁)ထပ်အဆောင်တို့အပါအဝင် ရေ+မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးရဲမြင့်ဦး (၁၂/လသယ(နိုင်) ၀၀၈၄၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါမြေကွက်နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L.D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၇၉၂/၂၀၂၃)**
**တိုက်–၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉–၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၅၊ ၂သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၂၂–လမ်း(၄၀)၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိမြေကွက်အား အမှုတွဲအမှတ် ၁၅၂ V ၁၉၉၅–၁၉၉၆အရ (၂၉–၁၁–၁၉၉၅မှ ၂၈–၁၁–၂၀၂၅)ထိ ဗိုလ်မှူးကျော်တင့်အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထား သော မြေ ကွက်အနက်မှ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ် နှင့်အမည်(၅/၂၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၂၂လမ်း(၄၀–ခ)၊ ဧရိယာ (၀ဒသမ ၀၄၁)ကေရှိ မြေကွက်အား ဒေါ်မာသင်းအမည်ဖြင့်(ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ နိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) ခွင့် ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်မှ ဦးအောင်မိုးဦး၏သား မောင်ဟိန်းစည်ဦး ၇/ကဝန(နိုင်) ၁၇၅၅၅၆၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၈၆၉၄၉၅၅၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂–၈–၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄)ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဒေါ်နိုင်သက်ဦး (ဘ) ဦးကျော်မင်းဦး ၁၃/ပဘတ(နိုင်) ၀၁၈၃၈၄ အစား ၁၂/ပဘတ(နိုင်) ၀၁၈၃၈၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၅၊ ၂သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၂၂–လမ်း(၄၀)၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိမြေကွက် အား အမှုတွဲအမှတ် ၁၅၂ V ၁၉၉၅–၁၉၉၆အရ (၂၉–၁၁–၁၉၉၅မှ ၂၈–၁၁–၂၀၂၅)ထိ ဗိုလ်မှူးကျော်တင့်အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသောမြေကွက်အနက်မှ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၅/၂၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၂၂–လမ်း(၄၀–က)၊ ဧရိယာ(၀ဒသမ ၀၆၉)ကေရှိ မြေကွက်အား ဦးသန်းဝင်းမြင့်၊ ဒေါ်စိုးစိုးလွင် အမည်ဖြင့် မြေငှားစာ ချုပ်(ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤ ရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာချက်

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဓာနည်(၁၁)လမ်း၊ အမှတ်(၅၈၁/ခ)တွင် (၃)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်မှုဌာန၏ နှစ်(၆၀)မြေငှားဂရန်စာချုပ်နှင့် မြေနယ်နိမိတ်တိုင်းတာသတ်မှတ်သည့်မြေပုံ(D/Map)တင်ပြ၍ မြေအမည်ပေါက်ဒေါ်ဆွေဆွေခိုင်၏အထူးကိုယ်စားလှယ်လွှဲစာ(SP)ရရှိသူ ဒေါ်လှယဉ်နုမှ BP1-11550 ဖြင့် တင်ပြလျှောက်ထားလာရာတွင် မြေအမည်ပေါက်ဖြစ်သော ဒေါ်ဆွေဆွေခိုင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်မှုမရှိခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်အမှုတွဲအမှတ် ၀၀၂/ဘိုးဘ/၂၀၂၄
## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ဇလွန်မြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်၊ စက်ကြီးလမ်း၊ ကွင်းအမှတ်(၁၆၈၃)၊ တတောင်ကွေ့ကွင်း၊ ဦးပိုင်အမှတ်(၂၂၇/၂)၊ ဧရိယာ (၀.၁၅)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်

(က) အရှေ့လားသော် – ဦးပိုင် (၂၂၇/၁)

(ခ) အနောက်လားသော် – ဦးပိုင် (၂၂၇/၅)

(ဂ) တောင်လားသော် – ဦးပိုင် (၂၂၇/၃)

(ဃ) မြောက်လားသော် – စက်ကြီးလမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးချိုမြင့်ခိုင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက (၂၀၂၄–ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်)မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဇလွန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/3556 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်၊ နယ်မြေ(၅)၊ စည်သူလမ်း၊ အမှတ်(၂၈၃)နေ ဦးဌေးမင်း၏သမီး မအိအိဖြိုး ၁၀/မလမ(နိုင်) ၁၈၉၄၃၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၄၂၂၃၈၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/3571, HONDA PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုအောင် ၁၄/လမန(နိုင်)၀၉၁၉၃၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/53260, CANDA 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းထိုက် ၁၄/ကခန(နိုင်)၀၇၇၂၅၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက် အမှတ်(၆၁၃) ဟုခေါ်တွင်သော မြေချပါမစ်မူရင်းတွင် ဦးခင်မြင့် အမည်ပေါက် အလျား (၄၀)ပေ x အနံ(၆၀)ပေ(၂၄၀၀)စတုရန်းပေ မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသော မြေကွက်၏ (ပါမစ်မိတ္တူခြမ်း) (အမှတ် (၆၁၄)နှင့် ကပ်လျက်ဘက်ခြမ်း) အလျား (၂၀)ပေ x အနံ (၆၀)ပေ (၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်မင်းစိုး (၁၂/ဒဂရ(နိုင်)၀၂၉၁၇၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ဖြူမြင့်(၁၄/မမန(နိုင်)၁၂၃၅၅၈)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်–၈၃၅၁(၁၃–၉–၂၀၁၂)** | **အထက်တန်းရှေ့နေ၊ စဉ်–၅၃၁၅၀(၃၀–၆–၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၉၇၂၃၀၉၈၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/83426, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးအောင်ဘော် ၁၄/ဇလန(နိုင်) ၁၂၃၀၆၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/8585, HAOJUE –110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၁၄/မအပ(နိုင်)၁၆၉၉၂၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/5025 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၇/ရတရ(နိုင်) ၀၁၀၀၆၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့၊ မြို့လှအုပ်စု၊ တံတားဦးကျေးရွာနေ ဦးညွန့်မောင်၏သမီး ဒေါ်နှင်းနှင်းခိုင် (ခ)ဒေါ်နှင်းခိုင် ၉/ရမသ(နိုင်) ၁၀၃၉၁၇ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဘားအံတက္ကသိုလ် အဝေးသင် သင်တန်း မြန်မာစာမေဂျာ တတိယနှစ် မှ (ဘ) ဦးထွန်းဘို၏သမီး မပိုးအိမွန် အား **မလှဲ့အိမွန်** သို့ ပြောင်းလဲခေါ်ဆိုပါရန်။

**မလှဲ့အိမွန်**

## ဖခင်အမည်မှန်

မြဝတီမြို့၊ အထက (ဝါးတော) Grade-8တွင်ပညာ သင်ကြားနေသော မထက်ထက်၏ ဖခင်အမည်မှန်မှာ ဦးကိုဋ္ဌေး ၃/မဝတ(နိုင်) ၀၂၄၃၄၄ ဖြစ်ပါကြောင်း။

**ဦးကိုဋ္ဌေး**

## အမည်မှန်၊ ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်ပြင်ဆင်ခြင်း

နောင်မွန်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်နေ ကျွန်ုပ် ဦးဒတုန်းခင်ဂျောင် မှတ်ပုံတင်အမှတ် ၁/နမန(နိုင်)၀၀၅၆၆၅ ၏ အမည်မှန်မှာ ဦးဒတုံးခင်၊ ဖခင်အမည်မှန်မှာ ဦးဒတုံးခင်ကော့ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာလည်း ၅-၇-၁၉၆၃ ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဒတုံးခင်**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ ကွင်းအမှတ်(၁၀)၊ ဦးပိုင်အမှတ် (၁၅/၁)၊ မြေချိန် ဧရိယာ(၀.၁၁၉)ဧကရှိမြေကွက်သည် မူလကဦးရယ်ဒန်ဖုန်အမည်ဖြင့် (၂၅-၁၁-၂၀၁၄)ရက်အထိ(၁၅)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဦးရယ်ဒန်ဖုန်နှင့် ဇနီးဒေါ်ခန်ဆာခေါ်၊ တစ်ဦးတည်းသောသား/ချွေးမဖြစ်သည့် ဦးရယ်ဒန်ဒီး၊ဒေါ်ဖုန်လော်ကော့ဘူ(၄)ဦးတို့သည်ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ဂရန်ရှင်၏မြေးများဖြစ်သည့် ဦးရယ်ဒန်ဖုန်ဆာရ်း၊ ဦးရယ်ဒန်ဒီးရမ်၊ ဒေါ်ရယ်ဒန်နင်(၃)ဦးတို့က တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့်အမွေဆက်ခံပိုင်ခဲ့ပြီး (၂၁-၁၂-၂၀၂၃)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၅၉၇/၂၀၂၃)အရ အမွေဆိုင်မြေကွက်အား ဒေါ်ဂျာဘူ၊၁/အဂယ(နိုင်)၀၀၀၅၉၅ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဂျာဘူအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ငုရွှေမြိုင်လမ်း၊ မြေတိုင်းအမှတ်(၇)၊ မြေကွက်အမှတ်(၈၈၆)၊ (ခ)ဧရိယာ၊ အလျား(၂၀)ပေ x အနံ(၆၀)ပေ၊ ဦးခင်မောင်ကြီး၊ မြေချပါမစ်အမည်ပေါက်ထံမှ ဒေါ်တင် တင်မော်က (၁၇-၅-၁၉၉၉)ရက်တွင်လည်းကောင်း၊ ဒေါ်တင်တင်မော်ထံမှ ဒေါ်ဇာခြည်နှင်းဝင့်ရီက (၂၉-၃-၂၀၁၇)ရက်တွင် လည်းကောင်း၊ ဒေါ်ဇာခြည်နှင်းဝင့်ရီထံမှ ဒေါ်သဇင်ဦးက (၂၂-၉-၂၀၂၂)ရက်တွင်လည်းကောင်း အသီးသီး အရပ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပါသည်။ အဆိုပါမြေကွက်ပေါ်တွင် တရားဝင်မခွဲစိတ်ရသေးသော အလျား(၁၀)ပေ x အနံ (၆၀)ပေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်ခွဲတိုက်ကို ဒေါ်သဇင်ဦးက မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ဝယ် ပိုင်ဆိုင်ခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာအောင် ၁၀/ဘလန (နိုင်)၀၀၀၉၀၀ မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ နှစ်ထပ်ခွဲတိုက်အပါအဝင် ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညိုဋ္ဌေးနိုင် (LLB,Q) အထက်တန်းရှေ့နေ(စဉ်)၂၁၁၃၆**
**အမှတ်(၃၈၅) အရှေ့ရွှေဂုံတိုင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၃၂၅၇၀**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ တိုက်အမှတ်(A2)၊ Zone(A) အဆောက်အအုံ၏ အခန်းအမှတ်(၅၀၄)၊ ဧရိယာ(၉၀၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးကျော်လွင်ဦး ၁၂/ကမရ(နိုင်)၀၀၉၂၂၂ထံမှ ကျွန်တော် ဦးအောင်သီဟ ၁၂/ရကန(နိုင်)၀၀၄၂၃၆က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သီဟ**
**အမှတ်(၄၀)၊ ကြာပဒုမ္မာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉- ၇၉၁၀၀၀၄၅၊ ၀၉-၇၈၅၁၅၃၉၅၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ မြေကွက်အမှတ်-၅၊မြေကွက်တည်နေရာအမှတ်-၅၊အောင်ဆန်းသူရိယလှသောင်းလမ်း၊ ၄၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသိန်းအောင် (CF-၀၃၈၅၃၉) မြေအမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးသိန်းအောင်(CF- ၀၃၈၅၃၉) ခင်ပွန်း ကွယ်လွန်သဖြင့် ဇနီး ဖြစ်သူ ဒေါ်ရင်မြင့် (၁၂/တမန(နိုင်)၀၃၉၆၀၁)မှ ၎င်းသည်သာတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းသည်သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် (ခင်ပွန်း)သေစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် မြေကွက်အား သွပ်ပြားကာရံထားပြီး လျှောက်ထားသူမှ မြေနေရာပြသပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း ကွင်း ဆင်းပုံစံ ပေါ်တွင် လက်မှတ်ရေးထိုးပေးပါသဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ လူနေရပ်ကွက်အမှတ် (၅) မြေကွက်အမှတ် (၁၀၀၅)၊ အကျယ်အဝန်း (၄၁ပေ x ၆၀ပေ)ရှိ ဦးသိန်းလွင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီး အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(မြေကွက်အမှတ် (၁၀၀၆)နှင့် ကပ်လျက်ဘက်အခြမ်း) မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံး၊ ရေ၊ မီးအစုံအလင်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့ကို အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးမြသန်း (၁၂/သကတ(နိုင်)၀၈၄၂၇၆)မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြတ်သီတာသိန်း** | **ဒေါ်ဇွန်မေဒေး LL.B** |
| **(၁၂/ဥကတ(နိုင်)၀၃၆၇၆၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)** |
| | **အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၄၂၀၂၄၄၃၁၆** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ (၀ဒသမ၁၀၇)ရှိ မြေကွက်အမှတ်(ပ-၂၁၉၄၉)ကို အမည်ပေါက် ဒေါ်ကြည်ကြည်ဝင်း (ဘ)ဦးမောင်မောင် ၁၂/ကတတ(နိုင်)၀၁၇၅၁၆ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးသူရစိုး(ဘ)ဦးစိုးတင့် ၇/ပတန(နိုင်) ၀၉၅၄၇၇ မှ ဦးဇော်ဇော်(ဘ)ဦးတင်မောင် ၉/ရမသ(နိုင်) ၁၁၇၅၀၂နှင့်မှတ်ပုံတင် အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၅၄/၂၀၂၃(၉-၁-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၄၆) ဧကရှိ ဦးမြင့်ဦး ၁၃/ကလန(နိုင်)၀၀၂၇၇၃ (ဘ)ဦးကြင်ပို အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၃၅၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၇၅/၂၀၂၃) (၉-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဥမ္မာ ၉/မရမ(နိုင်)၀၂၆၅၉၈ (ဘ)ဦးစက်မောင်မှ ဦးလင်းချွန်ကွေး (ခ)ဦးခင်မောင်ချို ၉/ပရတ(ဧည့်)၀၀၀၁၃၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၈B )၊ မြေကွက်အမှတ်(၁၁၈)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား ဦးမြင့်စိုးမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မင်းဘူး-စကုလမ်းရှိ ဦးသန်းဇော်ဦး+ဒေါ်ခင်သူဇာကို (အမည်ပေါက်)၊ အကွက်အမှတ်(K)အစိုးရမြောက်၊ ဦးပိုင်အမှတ် (၅၉-က)၊ မြေဧရိယာ(၀ဒသမ၃၆၉)ကေရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်ဂရန်အမည်ပေါက် ပိုင်ရှင်ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများ ပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက အထက်ပါအိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ခင်ဦး**
**၈/မဘန(နိုင်)၀၈၆၇၂၆**
**အမှတ်(၁)၊ အောင်မြေရပ်ကွက်၊ မင်းဘူးမြို့၊ ဖုန်း-၀၉-၇၉၉၉၂၂၅၈၇**

## ကန့်ကွက်နိုင်ပါကြောင်း

